| မြတ်ဗုဒ္ဓ၏အဆုံးအမတရား |
| --- |
| မိမိထက် အသက်သိက္ခာဝါကြီးသောသူတို့ကို အမြဲအရိုအသေပြုလေ့ ရှိခိုးလေ့ရှိသောသူမှာ အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော အကျိုးထူး တရားလေးပါးတို့သည် တိုးပွားကုန်၏။ **ဓမ္မပဒ** |

# မြဝတီ

နေ့စဉ်

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**သတင်းလောက ရှေ့ဆောင်မည် လူထုကြားကမြဝတီ**


www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၉၆)

၁၃၈၆ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၃ ရက်
၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၃ ရက်၊ အင်္ဂါနေ့


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များအလို့ငှာ ယာယီသမ္မတ တာဝန်ဝတ္တရားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံ လွှဲအပ်

**နေပြည်တော် ဇူလိုင် ၂၂**

ယာယီသမ္မတ ဦးမြင့်ဆွေသည် လက်ရှိကျန်းမာရေးအခြေအနေအရ ဆေးခွင့်ယူ၍ ဆေးကုသမှုခံနေရကြောင်း သတင်းထုတ်ပြန်ထားရှိပြီးဖြစ်သည်။ ထိုသို့သော ကျန်းမာရေးအခြေအနေအရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များကို လိုအပ်သလို ဆက်လက်ဆောင်ရွက်နိုင်ရန်အလို့ငှာ ယာယီသမ္မတ ဦးမြင့်ဆွေ ဆေးခွင့်ယူ၍ တာဝန်ဝတ္တရားများဆောင်ရွက်ရန်ပျက်ကွက်နေစဉ်နှင့် ယာယီသမ္မတ တာဝန်လစ်ဟင်းနေစဉ်ကာလတို့တွင် ယာယီသမ္မတတာဝန်ဝတ္တရားများကို

**စာမျက်နှာ ၂ ကော်လံ ၃ ✱**

**၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပေးအပ်

### “ပြည့်အင်အားဟာ ပြည်တွင်းမှာသာရှိသည်” ဆိုသည့်အတိုင်း နိုင်ငံ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်သည့်အခါတွင် ဝိဇ္ဇာနှင့်သိပ္ပံ နယ်ပယ်(၂)ခုလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များလိုအပ်

**နေပြည်တော် ဇူလိုင် ၂၂**

၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိမြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်တက်ရောက်၍ ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

**စာမျက်နှာ ၁၆ ကော်လံ ၃ ☆**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘာသာစုံဂုဏ်ထူးရှင်၊ သိပ္ပံဘာသာတွဲ တစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိသူကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။





**Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။**

ငွေသွင်း ငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း လျှပ်စစ်မီတာ **Bill** ပေးဆောင်ခြင်း၊ ဈေးဝယ်ခြင်း ၊

**E-Topup** ဖုန်းပြောခဖြည့်သွင်းခြင်း၊ **Internet Bill** ပေးဆောင်ခြင်း၊ **Skynet Bill Payment** ပေးသွင်းခြင်း၊

**Gift Card** ပေးခြင်း၊ ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊

**E-Commerce** လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

အငြိမ်းစား လစာ အပါအဝင် ငွေပို့ ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဇူလိုင် ၂၃ ရက်)

# ပညာထူးချွန် လူရည်မွန်တို့ကိုဂုဏ်ပြု

ပညာဆိုသည်မှာ စာအုပ်စာတမ်းဖတ်၍ စာသိမှုကိုပညာဟုမဆိုပေ။ ပညာသည် အတိုင်းအဆမထင် အလွန်ကျယ်ပြောနက်နဲလှပေသည်။ လောကပြင်ကျယ်တည်းဟူသောကျောင်းကြီး၌ ကျွန်ုပ်တို့သည် ပုခက်တွင်းမှ မြေကြီးထဲသို့ရောက်သည်အထိ ပညာသင်သားများဖြစ်နေကြပေသည်။ ထို့ကြောင့် ပညာသင်ကြားမှုသည် အမှန်စင်စစ်အားဖြင့် သူ၏တစ်သက်ပန်တွင် ကုန်ဆုံးသည်ဟုမဆိုနိုင်ပေ။ ပညာတတ်သူသည် လောကရှိအရာရာကို အခွင့်အလမ်းအလိုက် ဆင်ခြင်သုံးသပ်နိုင်စွမ်းသော ဉာဏ်အားကိုလည်းကောင်း၊ မိမိဉာဏ်အမြင်အရ စိတ်နေစိတ်ထားတို့ကိုလည်းကောင်း ပြုပြင်ပြုစုစီမံထားခဲ့သူသာလျှင်ဖြစ်သည်။ ပညာသည်စာအုပ်များထဲ၌သာရှိသည်မဟုတ်။ စာအုပ်ကိုကျော်၍ မြင်နိုင်စွမ်းရှိရပေမည်။ ဤသည်မှာဗိုလ်ချုပ်အောင်ဆန်း၏ ကျောင်းသားဘဝနှင့်ပညာအမြင်မှရေးသားချက်များဖြစ်သည်။

ပညာသည်လူတိုင်းအတွက်၊ နိုင်ငံတိုင်းအတွက်၊ ကမ္ဘာကြီးအတွက် အရေးကြီးဆုံးသောအရာဖြစ်သည်။ ပညာမတတ်လျှင်လူရာမဝင်သကဲ့သို့ ပညာရည်ဖွံ့ဖြိုးမှုနည်းပါးသောနိုင်ငံသည်လည်း တိုးတက်မှုနှေးကွေးနေမည်သာဖြစ်သည်။ ပညာသည် လူ၏ဉာဏ်ကိုသာ ပြုပြင်တိုးချဲ့ရုံသာမဟုတ်။ လူ၏စိတ်နေစိတ်ထားအယူအဆများကိုလည်းတိုးတက်စေရမည်။ နိုင်ငံတော်တွင် ဘက်စုံပညာရေးစနစ်ကိုကျင့်သုံးနေခြင်းနှင့်အတူ ထူးချွန်ထက်မြက်သောလူချွန်လူကောင်းများလည်း များစွာပေါ်ထွန်းလာပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးများအားလုံး အခြေခံပညာသင်ယူမှုအခွင့်အလမ်းများရရှိစေရန် မဟာဗျူဟာသစ်များချမှတ်ကာ အကောင်အထည်ဖော်လျက်ရှိသည်။

ကျောင်းများကိုအဆင့်တိုးမြှင့်ခြင်း၊ ကျောင်းအခြေခံအဆောက်အဦများကိုတိုးတက်စေခြင်း၊ ကျောင်းဥပဓိရုပ်ကောင်းမွန်စေခြင်း၊ ကလေးများအားလုံးကို ကျောင်းသုံးစာအုပ်နှင့်သင်ယူမှုဆိုင်ရာအခြေခံပစ္စည်းများအခမဲ့ထောက်ပံ့ပေးခြင်း၊ အခွင့်အလမ်းနည်းပါးသည့်ကျောင်းသားများအတွက်ရည်ရွယ်၍ ပညာသင်ထောက်ပံ့ကြေးနှင့်သင့်တော်သည့်ပစ္စည်းများထောက်ပံ့ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် အခြေခံကျောင်းအမျိုးအစားအားလုံးအတွက် ကျောင်းဖွံ့ဖြိုးတိုးတက်မှုရန်ပုံငွေများပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။ ပညာရေးဆိုသည်မှာ အမျိုးမျိုးသောသင်ယူလေ့လာမှုနည်းလမ်းများမှတစ်ဆင့် ရရှိသည့်အသိပညာ၊ အတတ်ပညာ၊ ဗဟုသုတ၊ ကျွမ်းကျင်မှု၊ စွမ်းရည်၊ အရည်အသွေးနှင့်တန်ဖိုးများဟု ဖွင့်ဆိုထားပါသည်။

လူတစ်ဦးချင်းစီသည် မိမိတတ်မြောက်ထားသည့်ပညာနှင့်ဘဝကိုပြည့်စုံအောင်မြင်အောင် တည်ဆောက်နိုင်မည်ဖြစ်သကဲ့သို့ မိမိတို့ပတ်ဝန်းကျင်နှင့်လူ့အသိုက်အဝန်းကိုလည်း အထောက်အကူပြုစေနိုင်မည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏အနာဂတ်တိုးတက်ရေးသည် မျိုးဆက်သစ်များ၏ပညာရည်တတ်မြောက်မှုအဆင့်အတန်းပေါ်တွင်မူတည်လျက်ရှိသည်။ မြန်မာနိုင်ငံသည် မျိုးဆက်သစ်များပညာရည်မြင့်မားရေးအတွက် ရေတို၊ ရေရှည်စီမံကိန်းများချမှတ်လျက် အမျိုးသားရေးအသွင်ဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။ အသိပညာရှင်၊ အတတ်ပညာရှင်ပေါ်များသောနိုင်ငံတိုင်းသည် နိုင်ငံရေး၊ စီးပွားရေးနှင့်လူမှုရေး စသည့်နယ်ပယ်အားလုံးတွင် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

အခြေခံပညာရေးဖွံ့ဖြိုးတိုးတက်အောင်မြင်မှုသည် အဆင့်မြင့်ပညာရေးကိုများစွာအထောက်အကူပြုမည်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံအနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်နိုင်ရန် လူသားအရင်းအမြစ်သည်အဓိကဖြစ်သည်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးအတွက် ပညာကိုအဓိကထားတည်ဆောက်ကြရမည်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါ်များရန်လိုအပ်သည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးရင်းနှီးမြှုပ်နှံမှုကို အလေးထားဆောင်ရွက်လျက်ရှိသည်။ ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုသည် နိုင်ငံ၏အနာဂတ်အတွက် အကောင်းဆုံးအကျိုးရလဒ်များကိုဖော်ဆောင်နိုင်မည်ဖြစ်သည်။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ပညာရေးဝန်ကြီးဌာနအပါအဝင် ပညာရေးနှင့်ဆက်စပ်နေသည့်ဝန်ကြီးဌာနများအတွက် ပညာရေးအသုံးစရိတ် စုစုပေါင်း ၃၁၄၆ ဒသမ ၁၄၉ ဘီလီယံခွင့်ပြုပေးခဲ့သည်။ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀)နှစ်ရှည်စီမံကိန်းဖြင့် အကောင်အထည်ဖော်ခဲ့ပြီး ယခုအမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀)ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးဆိုင်ရာများကိုဖြည့်ဆည်းပေးနေခြင်းမှာ ကျောင်းသား၊ ကျောင်းသူများ ပညာကြိုးစားသင်ယူလိုစိတ်မြင့်မားအောင် ဆောင်ရွက်ခြင်းလည်းဖြစ်သည်။ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ စနစ်သစ်ပညာရေး Grade-12 ၏ပထမဆုံးစာမေးပွဲလည်းဖြစ်သည်။ အဆိုပါစာမေးပွဲကို ဂုဏ်ထူးဖြင့်ထူးချွန်စွာအောင်မြင်သူတို့၏ကြိုးစားမှုမှာလည်း ချီးကျူးထိုက်ပါပေသည်။ အထူးသဖြင့် ဘာသာစုံဂုဏ်ထူးဖြင့်အောင်မြင်မှုမှာ ပို၍ပို၍အံ့ဖွယ်ကောင်းလှသကဲ့သို့ ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်ထိုက်လှသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့်အောင်မြင်ကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းမှာ အလွန်ပင်ဝမ်းသာဂုဏ်ယူဖွယ်ကောင်းလှပါကြောင်း ရေးသားလိုက်ရပေသည်။ ။

---

*** ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ လွှဲအပ်ဆောင်ရွက်စေမည်ဖြစ်ကြောင်း ယာယီသမ္မတရုံးမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ အကြောင်းကြားစာပေးပို့လာခဲ့သည်။ ထိုသို့အကြောင်းကြားစာပေးပို့ပြီးနောက် ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်၊ (၁၁၃၀)ချိန်တွင် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဆိုင်ရာကိစ္စရပ်များအလို့ငှာ ယာယီသမ္မတတာဝန်ဝတ္တရားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌထံသို့ လွှဲပြောင်းအပ်နှံခြင်းအား လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

---

မော်လမြိုင် ဇူလိုင် ၂၂

## စက်မှုနှင့်သက်မွေးပညာ ရှေ့လျှားသင်တန်း(အခြေခံလျှပ်စစ် House Wiring & Appliance သင်တန်း)ဖွင့်လှစ်

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် စမ်းကြီးရပ် ကျိုက္ခမီလမ်းမကြီး မော်လမြိုင်လူငယ်သင်တန်းကျောင်း၌ ဇူလိုင်လ ၂၂ ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် စက်မှုဝန်ကြီးဌာနတို့၏ ပံ့ပိုးကူညီမှုဖြင့် ကလေးသူငယ်အလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းဖန်တီးပေးရေးလုပ်ငန်းဆပ်ကော်မတီ၏ စက်မှုနှင့်သက်မွေးပညာ ရှေ့လျှားသင်တန်း (အခြေခံလျှပ်စစ် House Wiring & Appliance သင်တန်း)ဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာလုပ်ငန်းကော်မတီနာယက မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီ အတွင်းရေးမှူး ညွှန်ကြားရေးမှူး ဒေါ်တိုးတိုးချစ်က သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းသို့ သင်တန်းသား ၂၅ ဦးတက်ရောက်ကြောင်း သိရသည်။

(၄၀၆)

---

## Myawady Digital Set Top Box ထုတ်နုတ်ရှုမြင်အစီအစဉ်

၂၃-၇-၂၀၂၄(အင်္ဂါနေ့)

### မြဝတီရုပ်မြင်သံကြား

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၂၀ ဓမ္မပူဇာတေး
၃။ ၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၄။ ၇:၄၅ မျိုးချစ်တပ်မတော်
၅။ ၇:၅၀ မြန်မာ့ရှုခင်း
၆။ ၈:၂၅ ဆောင်းပါးပေါ်ကစာစုများ
၇။ ၉:၄၅ Sharing Knowledge
၈။ ၉:၅၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၉။ ၁၀:၁၀ ဟာသမြတ်နိုးသူများ လူရွှင်တော်ပြိုင်ပွဲ (Season -4) (ဆုပေးပွဲ) (REP)
၁၀။ ၁၁:၁၀ မြန်မာသံစဉ်ချိုနားဝင်
၁၁။ ၁၁:၄၅ မြတ်ဗုဒ္ဓ၏သာသနာ(REP)
၁၂။ ၁၂:၀၀ ၁၂ လရာသီမှတ်တမ်း
၁၃။ ၁၂:၂၅ ကျန်းမာသုတ
၁၄။ ၁၆:၅၅ သာယာသီကြွေးခေတ်ဆန်းတေး
၁၅။ ၁၇:၅၀ ပြည်ချစ်သားမွန်တေးသဝဏ်
၁၆။ ၁၉:၀၀ **ရုပ်မြင်သံကြားဇာတ်လမ်း -မရှိမအလင်း အပိုင်း(၉)**
၁၇။ **ညစဉ်နာရီ သတင်းအပြီး** နိုင်ငံတကာသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ မြန်မာ့ရှုခင်း/မှတ်တမ်း
၂၀။ မြဝတီရုပ်မြင်သံကြားသတင်း
၂၁။ တရားတော်

### MWD Variety Channel

၁။ ၁၀:၃၀ ကျန်းမာသောဘဝ
၂။ ၁၁:၄၄ ဥပဒေမှတ်စု
၃။ ၁၂:၄၄ စကားလက်ဆုံ
၄။ ၁၄:၄၆ ဖတ်ပါ မှတ်ပါ လေ့လာပါ
၅။ ၁၆:၅၂ သိမှတ်ဖွယ်ရာ သုတကမ္ဘာ
၆။ ၂၁:၂၉ Sport Icon

---

မြဝတီ နေ့စဉ် The Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်) အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၆၇-၃၄၉၉၈၊ ဖက်စ် ၀၆၇-၃၄၉၉၉/၀၆၂-၃၀၂၆၂
ဖြန့်ချိရေး/ကြော်ငြာ ၀၆၇-၃၄၀၀၆၊ ၀၆၇-၃၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၆၁-၃၄၀၂၀၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၆၁-၃၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၈၄-၇၃၆၀၁၊
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

မော်လမြိုင်ကျွန်း၊ စီးပွားရေး

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လတစ်လတာကာလအတွင်း အထွက်နှုန်းကောင်းသည့် နှံကားစပါးတင်းရေ ၈၆၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့



ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လတစ်လတာကာလအတွင်း အထွက်နှုန်းကောင်းသည့် နှံကားစပါးတင်းရေ ၈၆၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်မှဆန်စပါးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းရှင် ဦးဆန်းဆန်း၏ ပြောပြချက်အရ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်မေလအတွင်းက နှံကားစပါးတင်းရေ ၆၅၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇွန်လ ၁ ရက်မှ ၃၀ ရက်အထိ တစ်လတာကာလအတွင်း နှံကားစပါးတင်းရေ ၈၆၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါစပါးအမျိုးအစားသည် စားသုံးမှုများသည့်အမျိုးအစားဖြစ်ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို လယ်ယာထွက်ကုန်တွေအများဆုံးတင်ပို့ရောင်းချနေပါတယ်။ နှံကားစပါးအမျိုးအစားက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အကြမ်းဆိုပေမယ့် စားလို့ကောင်းတဲ့အမျိုးအစားဖြစ်ပါတယ်။ လက်ရှိ စပါးဈေးကလည်း ကောင်းနေပါတယ်။ နှံကားစပါးအမျိုးအစားကို ဒီလထဲမှာ ရန်ကုန်ဈေးကွက်က အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ တင်ပို့ရောင်းချတဲ့အခါမှာလည်း အခက်အခဲမရှိပါဘူး"ဟု ဦးဆန်းဆန်းက ပြောသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း နှံကားစပါးတင်းရေ ၈၆၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများနှင့် ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလျက်ရှိကြောင်း သိရသည်။ **သုတကျော်**

---

ရန်ကုန်၊ စီးပွားရေး

# ယခုဘဏ္ဍာနှစ် သုံးလတာကာလအတွင်း ပုဂ္ဂလိကကဏ္ဍမှ ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၁၆ သန်းရရှိထား

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၃၀ ရက်အထိ သုံးလတာကာလအတွင်း ပုဂ္ဂလိကကဏ္ဍမှ ပြည်ပသို့ ပျားရည်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ သုည ဒသမ ၈၁၆ သန်းရရှိထားကြောင်း မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာန ပျားမွေးမြူမှုဖွံ့ဖြိုးရေးဌာနခွဲ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးတင့်၏ပြောကြားချက်အရ သိရသည်။

အဆိုပါကာလအတွင်း ပြည်ပသို့ ပုဂ္ဂလိကကဏ္ဍမှ ပျားရည်တင်ပို့မှုအနေဖြင့် ပုံမှန်ကုန်သွယ်ရေးမှ ပျားရည်မက်ထရစ်တန် ၅၁၇ ဒသမ ၃၁ တန်နှင့် နယ်စပ်ကုန်သွယ်ရေးမှ ပျားရည်မက်ထရစ်တန် ၂၇ တန် စုစုပေါင်း ၅၄၄ ဒသမ ၃၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၈၁၆ သန်းရရှိထားကြောင်း သိရသည်။

ထိုသို့တင်ပို့ရာတွင် ဂျပန်နိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၃၃၅ ဒသမ ၃၁ တန်ဖြင့် အများဆုံးတင်ပို့ထားပြီး အမေရိကန်ဒေါ်လာ ၅၀၂၉၆၅ ရရှိထားကြောင်း၊ တောင်ကိုရီးယားနိုင်ငံသို့ ပျားရည်မက်ထရစ်တန် သုည ဒသမ ၅ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၅၀ ရရှိခဲ့ကြောင်း၊ ထိုင်းနိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၁၈၁ ဒသမ ၅ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၂၇၂၂၅၀ ရရှိခဲ့ကြောင်း၊ တရုတ်နိုင်ငံသို့ ပျားရည်မက်ထရစ်တန် ၂၇ တန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၄၀၅၀၀ ရရှိခဲ့သည့်အတွက် ပုဂ္ဂလိကကဏ္ဍမှ ပြည်ပသို့ ပျားရည်မက်ထရစ်တန် ၅၄၄ ဒသမ ၃၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ သုည ဒသမ ၈၁၆ သန်းရရှိထားကြောင်း သိရသည်။ **စောယု**

---

ရန်ကုန်၊ လူမှုရေး

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အရေးပေါ်လူနာတင်ယာဉ် ၁၅ စီးကို GPS များ တပ်ဆင်ပြီး Command and Control Centre မှ ကွပ်ကဲဆောင်ရွက်မည်

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အရေးပေါ်လူနာတင်ယာဉ် ၁၅ စီးကို GPS များ တပ်ဆင်ပြီး Command and Control Centre မှ ကွပ်ကဲဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီမှ သိရသည်။

အဆိုပါအစီအစဉ်ကို မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီနှင့် ဂျာမနီနိုင်ငံကြက်ခြေနီအသင်းတို့ပူးပေါင်း၍ စတင်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ပြီး Command and Control Centre များကို ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှု ကော်မတီရုံးနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းရုံးချုပ်တို့၌ ထားရှိကာ အရေးပေါ်အခြေအနေများတွင် အချိန်နှင့်တစ်ပြေးညီ လိုအပ်သလို ကွပ်ကဲဆောင်ရွက်မည်ဖြစ်သည်။

"အခုလိုစီစဉ်လိုက်တဲ့အတွက် ဆေးရုံပို့ဆောင်ပေးရင်း အရေးပေါ်လူနာတင်ယာဉ်ပေါ်မှာ လိုအပ်တဲ့ပြုစုစောင့်ရှောက်မှုတွေအတွက် Command and Control Centre ကနေ အချိန်နဲ့တစ်ပြေးညီ ညွှန်ကြားဆောင်ရွက်နိုင်မှာဖြစ်ပါတယ်" ဟု ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်ဌေးကပြောသည်။

အဆိုပါ အဆင့်မြင့်လူနာတင်ယာဉ်များတွင် အရေးပေါ်လူနာများအား ရှေးဦးပြုစုနိုင်ရန်အတွက် စက်ပစ္စည်းကိရိယာမျိုးစုံတပ်ဆင်ထားပြီး ထိုလူနာတင်ယာဉ်များပေါ်တွင် ကျန်းမာရေးဝန်ကြီးဌာနမှ Emergency Medical Services (EMS) Training ပေးထားသော စေတနာလုပ်အားရှင် ကြက်ခြေနီများက လိုက်ပါဆောင်ရွက်ကာ ဝန်ဆောင်မှုပေးမည်ဖြစ်သည်။

အကူအညီ လိုအပ်သူများအနေဖြင့် သက်ဆိုင်ရာ မြို့နယ်ကြက်ခြေနီကြီးကြပ်မှုကော်မတီမှတစ်ဆင့် အကူအညီတောင်းခံနိုင်သကဲ့သို့ ရန်ကုန်တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ၏ လူမှုကွန်ရက်စာမျက်နှာတွင်ပါရှိသော Hotline ဖုန်းနံပါတ်များမှတစ်ဆင့် ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ကြောင်း သိရသည်။ **ဆောင်းဦး**



# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

**မော်သာထွေး(မန္တလေး)**

> “ဆည်ရေပေးဝေရေးနှင့်သောက်ရေ၊ သုံးရေရရှိရေးတမံအများစုသည် ချောင်းအောက်ပိုင်း မြေပြန့်နှင့်မလှမ်းမကမ်းတွင် နေရာရနိုင်ပါက ယင်းနေရာတွင် တမံတည်ဆောက်ကြသည်။ ၎င်းတို့၏ရည်ရွယ်ချက်မှာ ရေပေးဝေရေးဖြစ်သည်။ မိမိပေးဝေမည့်ရေသည် အမြင့်မှအနိမ့်သို့ သဘာဝအတိုင်းစီးဆင်းစေမည့် လျှောစောက်ရှိသော မြေမျက်နှာပြင်ဖြစ်ရန်သာ လိုသည်. . .”

**ယမန်နေ့မှအဆက်**

**ဘာကြောင့် RCC တမံရွေးသလဲ**

RCC တမံအဖြစ်ရွေးချယ်ခဲ့မှုကို ဖော်ပြပါဦးမည်။ RCC တမံဟူသည် ကွန်ကရစ်တမံသာဖြစ်သည်။ ဤကဲ့သို့ ကွန်ကရစ်တမံတည်ဆောက်ရေးမှာ တမံအောက်ခြေအုတ်မြစ်သည် အမာခံကျောက်သားဖြစ်ရမည်။ အောက်ခြေဆိုသည်မှာ တမံနှင့်ထိစပ်မည့်အောက်နှင့်ဘေးနေရာအားလုံးကို ဆိုလိုသည်။

အောက်ခံကျောက်သားရှိတိုင်း၊ ကောင်းတိုင်းလည်း တမံတည်ဆောက်၍မရသေးပါ။ ဘေးကမ်းပါးနှစ်ဖက်နှင့် အောက်ခံအုတ်မြစ်ပေါ်တွင်ရှိနေသော မြေသား၊ ကျောက်ရောမြေ၊ သဲနုန်းမှအစ ပြောင်စင်အောင် ရှင်းရပါမည်။ ကျောက်ကြားမှ သဲနုန်းများ၊ မြေများကို လူဖြင့်သန့်ရှင်းအောင် အသေးစိတ်ဖယ်ရှားရသည်။ ရေဖြင့်ဆေးရသည်။

ပထမဦးစွာ မိမိဖယ်ထုတ်ရမည့်အပေါ်ယံမြေ (Over burden) ထုထည်ပမာဏကို ကြိုတင်စူးစမ်းရသည်။ တမံအထိုင်အုတ်မြစ်ပေါ်မှ မြေချည်းနှိုက်၍ ဖယ်ထုတ်ရုံဖြင့်မရပါ။ တမံထိပ်နှစ်ဖက်မှ မူလ တောင်ကမ်းပါးယံဆင်ခြေလျှောမြေသားများကိုပါ တည်ငြိမ်သောလျှောစောက်ရသည်အထိ ဖယ်ထုတ်ရပါလိမ့်မည်။ ဘေးနှစ်ဖက်မှ တောင်ကုန်းလျှောစောက်များ မပြေပြစ်ပါက တည်ဆောက်ဆဲ၊ တည်ဆောက်ပြီးကာလ နှစ်ရပ်စလုံးမှာပင် ယင်းတောင်ကုန်း မြေပြိုခြင်း၊လျှောကျခြင်း ဖြစ်နိုင်သည်။

တချို့တမံများတွင် တမံထိပ်တောင်ကုန်းများ လျှောစောက်ပြေပြစ်အောင် ဖယ်ထုတ်ရမှုမှာ တောင်တစ်တောင်လုံးဖယ်ရသကဲ့သို့ ဖြစ်တတ်သည်။ အထက်ပေါင်းလောင်းစီမံကိန်း တမံတည်ဆောက်ရေးအတွက် အပေါ်ယံမြေ ဖယ်စွန့်ခဲ့ရသောပမာဏမှာ ဝဲဘက်ကမ်းတွင် ပေ ၁၀၀(၃၅ မီတာ)အထူခန့်၊ ယာဘက်ကမ်းတွင် ပေ ၃၀(၁၀ မီတာ) အထူခန့်ကို တောင်တစ်ခြမ်းစာခန့် ဖယ်ရှားခဲ့ရသည်။ အပေါ်ယံမြေဖယ်ခြင်းကိစ္စတစ်ခုတည်းကိုပင် ၂၀၀၇ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၁၂ ခုနှစ် စက်တင်ဘာလအထိ နှစ်စဉ်အချိန်ပေး၍ ဆောင်ရွက်ခဲ့ရသည်။ အပေါ်ယံမြေ ကုဗမီတာ ၃၁ သိန်းကျော်(ကျင်းပေါင်း ၁၁ သိန်းကျော်) ဖယ်ရှားစွန့်ပစ်ခဲ့ရသည်။ တည်ဆောက်ခဲ့သည့်တမံထုထည်ထက် လေးဆခန့်ကြီးမားသည်။

အလားတူပင် ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်းတမံနေရာနှင့် သံမဏိရေသွယ်ပိုက် (Low Pressure Pipe Line) အထိုင်နေရာများတွင် တောင်ကုန်းများကိုပါ ဖယ်ထုတ်လိုက်ရသော အပေါ်ယံမြေသားများမှာ ကုဗမီတာ သိန်း ၄၀ ခန့်(ကျင်းပေါင်း ၁၅ သိန်းခန့်) ထိ ကြီးမားခဲ့သည်။ ကွန်းချောင်းကျောက်ဖြည့်တမံထုထည်ထက် နှစ်ဆခန့်ကြီးသောထုထည်ပမာဏဖြစ်ခဲ့သည်။ ရေအားလျှပ်စစ်စီမံကိန်းများ၏ တည်နေရာရွေးချယ်မှုမှာ တခြားသောရေအသုံးချမှုစီမံကိန်းများထက် ပို၍ရှုပ်ထွေးသည်။

ဆည်ရေပေးဝေရေးနှင့်သောက်ရေ၊ သုံးရေရရှိရေးတမံအများစုသည် ချောင်းအောက်ပိုင်း မြေပြန့်နှင့်မလှမ်းမကမ်းတွင် နေရာရနိုင်ပါက ယင်းနေရာတွင် တမံတည်ဆောက်ကြသည်။ ၎င်းတို့၏ရည်ရွယ်ချက်မှာ ရေပေးဝေရေးဖြစ်သည်။ မိမိပေးဝေမည့်ရေသည် အမြင့်မှအနိမ့်သို့ သဘာဝအတိုင်းစီးဆင်းစေမည့် လျှောစောက်ရှိသော မြေမျက်နှာပြင်ဖြစ်ရန်သာလိုသည်။ အောက်ခံအုတ်မြစ်အခြေအနေပေါ် မူတည်၍ တမံအမျိုးအစားရွေးရုံသာဖြစ်သည်။ ရေလှောင်ပမာဏအနည်းအများအတွက် တမံအမြင့်ကို အပြောင်းအလဲလုပ်ယူနိုင်သည်။

ရေအားလျှပ်စစ်သဘောမှာမူ ရေစီးအားကိုသုံးရသည့်အတွက် ချောင်း၏ လျှောစောက်နိမ့်မြင့်ကွာခြားချက်သည် များစွာအရေးပါသည်။ ရေစီးထုထည်ချင်းတူလျှင် လျှောစောက်ကွာဟမှုများသော ချောင်း၊ မြစ်သည် လျှပ်စစ်ဓာတ်အား ပိုမိုရရှိစေသည်။

ဥပမာအားဖြင့် ဘီလူးချောင်းစက်ရုံသုံးဆင့်သည် လျှောစောက်ကို အမိကထားသုံးသွားသည့်အတွက် ရေအနည်းဆုံးသုံး၍ ဓာတ်အားအများဆုံး ထုတ်လုပ်ပေးနိုင်ခဲ့သည်။ စုစုပေါင်း ၂၄၈ မဂ္ဂါဝပ်တပ်ဆင်နိုင်ခဲ့သည်။ သုံးဆင့်ပေါင်း နှစ်စဉ်ထုတ်လုပ်သောဓာတ်အားမှာ ကီလိုဝပ်နာရီသန်း ၁၇၂၄ ဖြစ်သည်။

ပေါင်းလောင်းစက်ရုံ (အောက်ပေါင်းလောင်း)တွင် တပ်ဆင်အင်အားမှာ ၂၈၀ မဂ္ဂါဝပ်ဖြစ်သည်။ သို့သော် နှစ်စဉ်ထုတ်လုပ်ပေးနိုင်သည့် ဓာတ်အားမှာ ကီလိုဝပ် နာရီသန်း ၉၁၁ သာထွက်ရှိသည်။ ဘီလူးချောင်းသုံးဆင့်နှင့် အောက်ပေါင်းလောင်း နှိုင်းယှဉ်လျှင် တပ်ဆင်စက်အင်အားတွင် ဘီလူးချောင်းသုံးဆင့်က နည်းနေသေးသည်။ သို့သော် နှစ်စဉ်ဓာတ်အားထွက်ရှိမှုမှာ ဘီလူးချောင်းက နှစ်ဆခန့်ပိုများသည်။

ဘီလူးချောင်းစက်ရုံများအတွက် သုံးစွဲရသည် မိုးပြဲဆည်မှ ထုတ်လွှတ်ပေးသည့်ရေထုစီးနှုန်း ၁၂၀၀ ကုဗပေ/စက္ကန့်(၃၃ ဒသမ ၈ ကုဗမီတာ/စက္ကန့်)နှင့် ကြားရေတချို့သာဖြစ်သည်။

အောက်ပေါင်းလောင်းစက်ရုံရှိစက်များသည် ပျမ်းမျှ ၄၅၄၄ ကုဗပေ/စက္ကန့် ( ၁၂၈ ကုဗမီတာ/စက္ကန့်)ထိ ကြီးမားသောရေထုထည်ကို သုံးသည်။ ရေအသုံးချမှုတွင် ပေါင်းလောင်းစက်ရုံသည် လေးဆနီးပါးများသည်။ ရေနိမ့်မြင့်ကွာခြားမှုမတူခြင်းကြောင့် အကျိုးရှိမှုကွာခြားခြင်းဖြစ်သည်။

ရေအားလျှပ်စစ်နှစ်စဉ်ထုတ်လုပ်မှုတိုးတက်စေရေး စီမံကိန်းများအတွက် တမံနေရာရွေးရာတွင် အတတ်နိုင်ဆုံး လျှောစောက်ကောင်းမည့်နေရာမျိုးတွင် ရွေးချယ်သည်။ နိမ့်မြင့်မှတ်ကွာခြားချက် အများဆုံးရမည့်နေရာ ချောင်းအောက်ပိုင်းတွင် စက်ရုံကိုတည်ဆောက်သည်။ တမံနှင့်စက်ရုံကြား ရေသွယ်စနစ်တစ်ခုဖြင့် သွယ်ယူသည်။

သွယ်ယူရာတွင် ယနေ့ခေတ် အပြည်ပြည်ဆိုင်ရာပညာရှင်များ၏ စဉ်းစားမှုတူညီသောအချက်မှာ ဖြစ်နိုင်လျှင် ပိုက်ဖြင့်မသွယ်ဘဲ တောင်ကိုဖောက်၍ ဥမင်လိုဏ်ဖြင့် သွယ်ယူခြင်းဖြစ်သည်။ ဤစနစ်သည် ရေသွယ်စနစ်ကို ပိုမိုလုံခြုံစေသည်။ ရေရှည်တွင် ပြုပြင်ထိန်းသိမ်းစရိတ် သက်သာစေသည်။ တောင်ပြို၊ မြေပြိုဒဏ်ကိုလည်း မခံရပေ။ ဥမင်လိုဏ်တူးရာမှ ထွက်ရှိလာသော ကျောက်အများစုမှာ တစ်နည်းမဟုတ်တစ်နည်း ပြန်လည်အသုံးချနိုင်၍ အားလုံးစွန့်ပစ်ရန် မလိုပေ။ အပေါ်ယံမြေပြုပြင်ရမှု၊ တောင်များလှီးဖြတ်ဖယ်ထုတ်ရမှု၊ သစ်တောသစ်ပင်များ ရှင်းလင်းရမှုမှအစ အလွန်သက်သာသည်။

ဖိအားဒဏ်ခံနိုင်သည့် သံမဏိပိုက်များသုံး၍ တမံမှစက်ရုံသို့ ရေသွယ်ခြင်းကို ဥမင်လိုဏ်ဖောက်ရန် အခြေအနေမပေးမှသာ သုံးသင့်သည်။ ရေသွယ်စနစ်တွင် ပိုက်ကိုသုံးခဲ့ပါက ပိုက်အထိုင်နေရာနှင့် လမ်းပါတွဲဖက်ဖောက်လုပ်ပေးရသည်။ လမ်းနှင့်ပိုက်လုံးအတွက် မြေနေရာလုံလောက်စွာရရှိရေး၊ မြေဖယ်ရာတွင် ဘေးမှတောင်ကုန်းတစ်ခုလုံးကိုပါ လှီးထုတ်ပစ်ရတတ်သည်။ တောင်တစ်ခြမ်းလုံးဖြိုချရသည်အထိ ပမာဏကြီးတတ်သည်။ မြေဖယ်ရုံနှင့်မပြီးသေးပါ။ ဖယ်လိုက်သည့် တောင်ကမ်းပါးယံကို လျှောစောက်တည်ငြိမ်စေရေး ဆောင်ရွက်ရသည့်လုပ်ငန်းများမှာ ပို၍ များပြားသည်။ ငွေကုန်သည်။ ကမ်းပါးယံအဆင့်တိုင်းတွင် ရေစီးရေလာအတွက် ကန့်လန့်ဖြတ် ရေမြောင်းများ စနစ်တကျလုပ်ရသည့်စရိတ်မှာလည်း ကြီးမားသည်။ ထိန်းသိမ်းစရိတ်လည်း အလွန်ကြီးသည်။ ဖြိုချဖယ်ထုတ်လိုက်သောဖယ်မြေကို စွန့်ပစ်ရသည့်စရိတ်မှာလည်း အလွန်ကြီးသည်။ တချို့စီမံကိန်းများတွင်ရရှိသော ရန်ပုံငွေ၊ စက်သုံးဆီ၊ ယန္တရားမလုံလောက်မှုကြောင့် နီးစပ်ရာချောင်းဘေးတစ်လျှောက်တွင် စွန့်ပစ်တတ်ကြသည်။ ချောင်း၏သဘာဝပါပျောက်၍ ချောင်းအောက်ဘက်သောင်ခုံများပေါ်လာပြီး ရေကြီးရေလျှံ ဖြစ်စေတော့သည်။ ထို့ပြင် ဓာတ်အားပေးစက်ရုံသို့သွယ်ယူခဲ့သော ရေသွယ်သံမဏိပိုက်မှာ အတွင်းဖိအားများစွာရှိနေသည့်အတွက် မတော်တဆ အကြောင်းတစ်ခုခုကြောင့် ရေပိုက်ကွဲခြင်း၊ ပြတ်ခြင်းသာဖြစ်ခဲ့လျှင် အောက်ဘက်ချောင်းဘေးတွင် တည်ဆောက်ထားသော ဓာတ်အားပေးစက်ရုံမှာ ရေထဲမျောပါရန်သေချာသည်။

သို့ပါ၍ တမံတည်နေရာရွေးချယ်ရာတွင်လည်းကောင်း၊ ရေအားအဆောက်အအုံအမျိုးအစားနှင့် တည်နေရာများဆုံးဖြတ်ရာတွင်လည်းကောင်း အထူးဂရုစိုက်ရပါမည်။ ရေအားလျှပ်စစ်အတွေ့အကြုံလိုသည်။ လုပ်ငန်းသဘာဝနှင့် နောင်ဖြစ်ပေါ်လာမည့် ပြဿနာများကိုပါ ကြိုတင်တွက်ဆထားရန်လိုသည်။ **ဆက်လက်ဖော်ပြပါမည်။**

**ရန်ကုန်၊ ယာဉ်စည်းကမ်း**

# ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် Telematics စနစ် စက်တပ်ဆင်ပြီး စောင့်ကြပ်ကြည့်ရှုမည်



ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းသွားလာလျက်ရှိသည့် ခရီးသည်တင် မော်တော်ယာဉ်ကြီးများအား Telematics စနစ် စက်တပ်ဆင်၍ စောင့်ကြပ်ကြည့်ရှုမည်ဖြစ်ကြောင်း အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့ လမ်းဦးစီးဌာနမှ သိရသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းသွားလာလျက်ရှိသော ခရီးသည်တင် မော်တော်ယာဉ်ကြီးများ၌ Telematics စနစ် စက်တပ်ဆင်မှုအား စက်တပ်ခြင်းနှင့် ပညာပေးကာလ ရက်ပေါင်း ၁၂၀ သတ်မှတ်၍ ဇွန်လ ၁၈ ရက်မှ အောက်တိုဘာလ ၁၅ ရက်အထိ ဆောင်ရွက်မည်ဖြစ်သည်။

အဆိုပါစက်တပ်ဆင်ခြင်းနှင့်ပညာပေးကာလပြီးစီးပါက အောက်တိုဘာလ ၁၆ ရက်မှစ၍ Telematics စနစ် စက်တပ်ဆင်ထားခြင်းမရှိသော ခရီးသည်တင်ယာဉ်ကြီးများကို အမြန်လမ်းသုံးစွဲခွင့်ပြုမည်မဟုတ်ကြောင်း သိရသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးပေါ်တွင် ဖြတ်သန်းသွားလာလျက်ရှိသည့် ခရီးသည်တင် မော်တော်ယာဉ်ကြီးများကို အမြန်လမ်းမကြီးများဥပဒေနှင့်အညီ စည်းကမ်းတကျသွားလာစေရန်၊ သတ်မှတ်မိုင်နှုန်းအတိုင်းမောင်းနှင်ရန်နှင့် ခရီးသွားမိဘပြည်သူများ ယာဉ်အန္တရာယ်ကင်းဝေးစေရန် Telematics စနစ် စက်များတပ်ဆင်ပြီး ၂၄ နာရီပတ်လုံး စောင့်ကြပ်ကြည့်ရှုမည်ဖြစ်ကြောင်း သိရသည်။

**ခင်မောင်တင်**

နေပြည်တော် ဇူလိုင် ၂၂

# ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညို



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ လှည့်လည်ဖူးမြော်ကြည်ညိုကြစဉ်။

၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများသည် ယနေ့မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ မာရဝိဇယဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

ဦးစွာ ရှင်းလင်းဆောင်၌ ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများအား မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဂေါပကအဖွဲ့နှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ကျွမ်းကျင်ပညာရှင်များက မာရဝိဇယဘုရားကြီးတည်ထားကိုးကွယ်ပူဇော်ရခြင်း၏ ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာတည်ထားပူဇော်နိုင်ခဲ့မှု၊ လက်ရှိထိန်းသိမ်းဆောင်ရွက်နေမှု၊ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှုနှင့် သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေတို့ကို ရှင်းလင်းပြောကြားကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာတည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုဗီဒီယိုမှတ်တမ်းကိုပြသသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများနှင့် တာဝန်ရှိသူများသည် သာသနာ့ဗိမာန်တော်နှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များနှင့်ကျောက်စာရုံစေတီတော်များအား လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)



အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီးအတွင်း ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများ ဖူးမြော်ကြည်ညိုကြစဉ်။

နေပြည်တော် ဇူလိုင် ၂၂

# ဆရာ၊ ဆရာမများအနေဖြင့် အနာဂတ်မျိုးဆက်သစ်များဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများကို အမှန်တကယ်တတ်အောင်သင်၍ တော်အောင်လေ့ကျင့်ပေးကြရမည်



ပညာရေးဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ၊ ဒုတိယဝန်ကြီး ဒေါက်တာဇော်မြင့်၊ အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ပညာရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဆရာ၊ ဆရာမများအနေဖြင့် အနာဂတ်မျိုးဆက်သစ်များဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများကို အမှန်တကယ်တတ်အောင်သင်၍ တော်အောင်လေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း၊ ဆရာ၊ ဆရာမများ အရည်အသွေးတိုးတက်ရေးအတွက် ဘာသာရပ်မွမ်းမံသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရာတွင် အမှန်တကယ်အရည်အသွေးတိုးတက်အောင် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။ ကျောင်းသားလူငယ်များကို ဘာသာရပ်ဆိုင်ရာ ပညာတတ်ရုံသာမက အနာဂတ်သားကောင်းရတနာများ ဖြစ်လာစေရေးအတွက် ဂါရဝတရားရှိရန်၊ မိမိနိုင်ငံ၏ယဉ်ကျေးမှုကိုထိန်းသိမ်းရန်၊ အကျင့်စာရိတ္တကောင်းမွန်ရန်၊ တိုင်းချစ်ပြည်ချစ်စိတ်ရှိစေရန် ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပညာရေးကဏ္ဍဆိုင်ရာလိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်ရမည့် ပညာရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၂၂-၇-၂၀၂၄

## နေရာကွက်၍ မိုးကြီးနိုင်

စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ မန္တလေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

(မိုး/ဧလ)

နေပြည်တော် ဇူလိုင် ၂၂

# အလုပ်သမားဆေးရုံကြီး(တာမွေ)၌ အာမခံအလုပ်သမားများ ကျန်းမာရေး စောင့်ရှောက်ပေးနေမှု ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ကြည့်ရှုစစ်ဆေး





မြန်မာနိုင်ငံလုပ်သားများ ကျွမ်းကျင်မှု စံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့(NSSA)၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)၌ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ(ACC)နှင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှုလေ့ကျင့်ရေးကော်မတီဝင်များ၊ UMFCCI၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ NSSA ၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ရယူမည့် ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ရေးဌာနတာဝန်ခံများ၊ စစ်ဆေးရေးမှူးများနှင့်စစ်ဆေးအကဲဖြတ်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။

ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးလုပ်ငန်းစဉ်ဆောင်ရွက်ပြီးစီးမှုအနေဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁၂ ရက်အထိ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန ၂၆၇ ခု၊ စစ်ဆေးအကဲဖြတ်သူ ၈၅၇ ဦး၊ စစ်ဆေးရေးမှူး ၁၀၂ ဦးကို အသိအမှတ်ပြုခဲ့ပြီး အလုပ်အကိုင် ၅၂ မျိုးတွင် ဖြေဆိုသူ ၂၉၂၀၃ ဦးအနက် ၂၆၇၉၀ ဦးကို ကျွမ်းကျင်လုပ်သားအဖြစ် အသိအမှတ်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း (ရန်ကင်း)၌ ဂဟေဆက်သင်တန်းအမှတ်စဉ် (၃/၂၀၂၄)ဖွင့်လှစ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး သင်တန်းကျောင်းအတွင်း ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာမွေမြို့နယ်ရှိ အလုပ်သမားဆေးရုံကြီး၌ အာမခံအလုပ်သမားများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုနှင့် ရွှေ့လျားဆေးကုသယာဉ်အတွင်း ကျန်းမာရေးဆိုင်ရာစက်ပစ္စည်းကိရိယာများ တပ်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောက်ကပ်တုသွေးသန့်စင်ခန်းတွင် လူနာများအား စက်လေးလုံးဖြင့် ကုသပေးနေမှုကို ကြည့်ရှု၍ ကျောက်ကပ်ဆေးကြောသည့် လူနာများကို အလှူငွေများပေးအပ်ကာ ပြင်ပလူနာဌာနတွင် လာရောက်ကုသသည့် အာမခံအလုပ်သမားများအား ကြည့်ရှုအားပေးသည်။

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီးအတွင်း အကျုံးဝင် အာမခံအလုပ်သမားပေါင်း ၉၀၉၉၅၆ ဦးအတွက် လူမှုဖူလုံရေးဆေးခန်း ၁၃ ခန်း၊ Fee for Service Payment စာချုပ်ဆေးခန်း ၃၉ ခန်း၊ Capitation Payment စာချုပ်ဆေးခန်း ငါးခန်းနှင့် Specialist OG OPD ပြသနိုင်သောဆေးခန်း ၃၂ ခန်း၊ မီးဖွားခြင်းဆိုင်ရာ ဝန်ဆောင်မှုဆောင်ရွက်လျက်ရှိသော စာချုပ်ဆေးရုံ ဆေးခန်း ၁၁ ခန်းဖြင့် ဝန်ဆောင်မှုဆောင်ရွက်လျက်ရှိပြီး ၂၀၂၃ ခုနှစ် ဇူလိုင်လမှ ၂၀၂၄ ခုနှစ် ဇွန်လအထိ လူနာဦးရေ ၆၉၆၃၁ ဦးအား ဆေးဖိုးငွေကျပ်သန်းပေါင်း ၄၃၁၉ ဒသမ ၆၃၉ ပေးအပ်ခဲ့ကြောင်း သိရသည်။ (၅၀၀)

နေပြည်တော် ဇူလိုင် ၂၂

# တည်ဆောက်လုပ်ငန်းစိစစ်ဆောင်ရွက်မှုသင်တန်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် တက်ရောက်

ပြည်ထောင်စုအဆင့် ဗဟိုအဖွဲ့အစည်းများနှင့်ဝန်ကြီးဌာနအသီးသီးက ဆောင်ရွက်နေသည့် တည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရန်နှင့် ခွင့်ပြုရန်ပုံငွေများကို ထိရောက်စွာအသုံးပြုနိုင်စေရန်အတွက် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ၏ တည်ဆောက်လုပ်ငန်းစိစစ်ဆောင်ရွက်မှုသင်တန်းအမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံးစုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ ဒုတိယဝန်ကြီး ဦးဝင်းဖေ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ သင်တန်းနည်းပြများနှင့် ဝန်ကြီးဌာနများမှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမျိုးသန့်က ပြည်ထောင်စုအဆင့်ဗဟိုအဖွဲ့အစည်းများနှင့်ဝန်ကြီးဌာနများမှ နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်သောတည်ဆောက်ရေးလုပ်ငန်းများ စနစ်တကျဖြစ်စေရေး၊ ရန်ပုံငွေများ လျာထားသတ်မှတ်ရာတွင် အနီးစပ်ဆုံး၊ အမှန်ကန်ဆုံးတွက်ချက်လျာထားနိုင်ရေး၊ လုပ်ငန်းများ၏ခန့်မှန်းခြေစာရင်းများ စနစ်တကျရေးဆွဲနိုင်ရေး၊ သုံးစွဲမည့် ပစ္စည်းများမှန်ကန်မှု ရှိ၊ မရှိနှင့် အရည်အသွေးပြည့်မီမှု ရှိ၊ မရှိ စစ်ဆေးနိုင်ရေး၊ ညွှန်ကြားချက်များ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်စေရန်ရည်ရွယ်ချက်ဖြင့် ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယနေ့ဖွင့်လှစ်သည့် သင်တန်းသို့ တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ အဖွဲ့ဝင်ဝန်ကြီးဌာန ၁၂ ခုမှ သင်တန်းသား၊ သင်တန်းသူ ၃၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တလေးပတ်ကြာ ဖွင့်လှစ်သင်ကြားဆွေးနွေးပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

ရန်ကုန် ဇူလိုင် ၂၂

# ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေမှုနှင့်စပ်လျဉ်း၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆက်လက်အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိမြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားနေမှုနှင့်ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှုနှင့်အညီ ဗဟို၊ တိုင်းဒေသကြီးနှင့်မြို့နယ်ကွင်းဆင်းအဖွဲ့များက ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ၂၀ ရက်က ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ဗဟိုကွင်းဆင်းအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများနှင့် တွေ့ဆုံပြီး မြို့နယ်အတွင်း ရောဂါဖြစ်ပွားမှုအခြေအနေ၊ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးသည်။

ထို့နောက် ညွှန်ကြားရေးမှူးချုပ်ဦးဆောင်သော ကွင်းဆင်းအဖွဲ့သည် ကြည့်မြင်တိုင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကြည့်မြင်တိုင်မြို့နယ်တစ်ဖက်ကမ်း ဆိပ်ကြီးကျေးရွာရှိ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားသူ လူနာနေအိမ်တို့သို့ သွားရောက်၍ ဝမ်းပျက်ဝမ်းလျှောရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ နေအိမ်နှင့်လမ်းအနီးတစ်ဝိုက်တွင်လူနာသစ်ရှာဖွေခြင်း၊ လူနာနှင့်ထိစပ်သူတစ်အိမ်တည်းအတူနေမိသားစုဝင်များအား ကြိုတင်ကာကွယ်ဆေးတိုက်ကျွေးခြင်း (Contact Treatment)၊ ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်ပွားမှုအခြေအနေများနှင့် လုပ်ငန်းဆောင်ရွက်မှုများကိုကြီးကြပ်၍ လိုအပ်သည်များ ပံ့ပိုးဆောင်ရွက်ပေးသည်။



ထို့ပြင် ပတ်ဝန်းကျင်သန့်ရှင်းရေးအတွက် ညှိနှိုင်းစီစဉ်ပေးခြင်းများဆောင်ရွက်ပေးပြီး စက်ဆန်းကျေးရွာ၌ သန့်ရှင်းသောသောက်သုံးရေအသုံးပြုရေးအစီအမံများချမှတ်ဆောင်ရွက်၍ Life Straw ရေသန့်စင်စက်နှစ်လုံး တပ်ဆင်ခြင်းနှင့် အသုံးပြုနည်းလက်တွေ့သရုပ်ပြသင်ကြားပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

ထို့အတူ ဒုတိယညွှန်ကြားရေးမှူးချုပ် (သဘာဝဘေး/ကူးစက်)ဦးဆောင်သော ဗဟိုကွင်းဆင်းအဖွဲ့သည်လည်း သဃ်န်းကျွန်းမြို့နယ်နှင့် သာကေတမြို့နယ်တို့သို့လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးဆောင်သော ကွင်းဆင်းအဖွဲ့သည် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်တို့သို့လည်းကောင်း ကွင်းဆင်း၍ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကိုဆောင်ရွက်ကြသည်။

အလားတူ သက်ဆိုင်ရာ ခရိုင်နှင့်မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများကလည်း မြို့နယ်စည်ပင်သာယာရေးဦးစီးအဖွဲ့၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များတွင် ရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သာကေတမြို့နယ်နှင့် ဒေါပုံမြို့နယ်တို့တွင် သန့်ရှင်းသောသောက်ရေရရှိရေးအထူးစီမံချက်ဖြင့် Life Straw ရေသန့်စင်စက် ၁၉ လုံးကို အသုံးပြု၍ သန့်ရှင်းသောသောက်ရေ နေ့စဉ်ဖြန့်ဝေပေးလျက်ရှိရာ ဇူလိုင်လ ၂၀ ရက်တွင် အိမ်ထောင်စု ၄၉၂ စုအတွက် သောက်ရေသန့်လီတာ ၇၅၀ ဖြန့်ဝေပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၂

## ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ




ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ၂၀၁၉ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဝဏ္ဏသိဒ္ဓိအားကစားကွင်းအနီး မြင်းစီးအားကစားကွင်းအတွင်း၌ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင်ကျွန်းပင်များ၊ စိန်ပန်းပင်များ၊ သပြေဘူတပင်များနှင့် ငုရွှေဝါပင်များကို ဆက်လက်စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး၊ တာဝန်ရှိသူများနှင့်အတူ အရာထမ်း၊ အမှုထမ်းများ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

အလားတူ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ နယ်ရုံးခွဲများတွင်လည်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို တစ်ပြိုင်နက်တည်းကျင်းပခဲ့ပြီး ရတနာတန်းဝင်ကျွန်းပင်များ၊ နှစ်ရှည်သီးနှံပင်များနှင့် အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်းနှင့် ဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ယနေ့ပြုလုပ်သည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများတွင် သစ်ပင်စုစုပေါင်း ၁၄၈၇ ပင်ကို စိုက်ပျိုးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## သတင်းထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**သတင်းထုတ်ပြန်ချက်**

၂၀၁၉ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်

နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၂၅ အရ ပါတီဆက်လက်တည်ထောင်မှတ်ပုံတင်ပေးပါရန် **ပြည်သူ့အင်အားပါတီ**၏ လျှောက်ထားချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ စိစစ်ပြန်ကြားချက်များအရ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်ခြင်းမရှိကြောင်း တွေ့ရှိရပါသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်စုံညီအစည်းအဝေးအမှတ်စဉ်(၁၄/၂၀၁၉) ဆုံးဖြတ်ချက်အရ ယင်းပါတီ၏ ပါတီမှတ်ပုံတင်ခွင့်လျှောက်ထားချက်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေပါ ပုံစံ(ဆ)ဖြင့် ငြင်းပယ်လိုက်ကြောင်းနှင့် ပါတီဆက်လက်တည်ထောင်မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

နေပြည်တော် ဇူလိုင် ၂၂

## နေပြည်တော်အတွင်း ဆီထွက်သီးနှံကုန်ကြမ်းများ တစ်နှစ်ပတ်လုံးထွက်ရှိစေရေး၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံပုံစံပြောင်းလဲစိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဆီထွက်သီးနှံကုန်ကြမ်းများ တစ်နှစ်ပတ်လုံးထွက်ရှိစေရေး၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံပုံစံပြောင်းလဲစိုက်ပျိုးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ကောင်စီရုံးအစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

အစည်းအဝေးသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက နေပြည်တော်အတွင်း ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံကုန်ကြမ်းများ အချိန်မီရရှိစေရေးနှင့် တစ်နှစ်ပတ်လုံးထွက်ရှိစေရေးအတွက် ရေမြေသဘာဝနှင့်ကိုက်ညီသည့် ဆီထွက်သီးနှံစိုက်ပျိုးခြင်းပုံစံ (Cropping Pattern) ရေးဆွဲဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လယ်၊ ယာ၊ ကိုင်း/ကျွန်း၊ ဥယျာဉ်ခြံ၊ သစ်တော၊ တောင်ယာ၊ အခြားစသည့်မြေအမျိုးအစားအလိုက် မိုးကောင်းသောက်ဆည်ရေ၊ ရေတင် စသည့်ရေရရှိမှုနည်းလမ်းများကိုအခြေခံပြီး ရေးဆွဲရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးရဲမိုးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက နေပြည်တော်အတွင်း ဆီထွက်သီးနှံကုန်ကြမ်းများ တစ်နှစ်ပတ်လုံးထွက်ရှိစေရေး၊ ဒေသနှင့်ကိုက်ညီသည့် သီးနှံပုံစံပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်မှုအခြေအနေများ၊ တစ်နှစ်သုံးသီးစိုက်ပျိုးမည့်အစီအမံများ၊ စီမံကိန်းလျာထားချက်များ၊ ဆီထွက်သီးနှံတစ်နှစ်ပတ်လုံးကုန်ကြမ်းရရှိရေးအတွက် ဆောင်ရွက်မည့် အစီအစဉ်များ၊ မျိုးသန့်မျိုးစေ့ထုတ်လုပ်ငန်းများဆောင်ရွက်နေမှု၊ ဆည်ရေလှောင်တမံများအလိုက်ရေဝင်ရောက်မှု၊ ရေအလေအလွင့်ဆုံးရှုံးမှုနည်းပါးစေရေး၊ စိုက်ပျိုးရေပြည့်ဝစွာရရှိရေး၊ စိုက်ပျိုးရေရရှိနိုင်မည့် နည်းလမ်းများဖြင့်ဆောင်ရွက်နေမှု၊ သီးနှံပုံစံပြောင်းလဲစိုက်ပျိုးနိုင်ရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(၅၀၀)**

နေပြည်တော် ဇူလိုင် ၂၂

## မေထုန်မဲ့သားစပ်သင်တန်းသို့ ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး တက်ရောက်ဖွင့်လှစ်၊ သုတေသနဓာတ်ခွဲခန်းများအား ကြည့်ရှုစစ်ဆေး

ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မွေးမြူရေးသုတေသနဦးစီးဌာနက ဖွင့်လှစ်သည့် သုတေသနနည်းပညာဖွံ့ဖြိုးရေးသင်တန်း နွားမေထုန်မဲ့သားစပ်နည်း အမှတ်စဉ်(၁) ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် သုတေသနနည်းပညာဖွံ့ဖြိုးရေးသင်တန်း နွားမေထုန်မဲ့သားစပ်နည်း အမှတ်စဉ်(၁) ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်က ရှင်းလင်းတင်ပြသည်။

အရင်းအမြစ်များသုတေသနဌာနခွဲ၊ ရေအသုံးချရေးသုတေသနဌာနစုဓာတ်ခွဲခန်းများ၊ မွေးမြူရေးသုတေသနဦးစီးဌာန၏ ဒေသန္တရမွေးမြူရေးခြံကိုလည်းကောင်း၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ရာပြည့်အထိမ်းအမှတ်ခန်းမဆောက်လုပ်ပြီးစီးမှု၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် အိပ်ဆောင်များနှင့် ထမင်းစားဆောင်တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ(၂၀၂၃)ဖြင့် နေပြည်တော်၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ဆောင်ရွက်သည့် စပါးသီးနှံရိတ်သိမ်းအပြီး ပဲပုပ်သီးထပ်စိုက်ပျိုးခြင်းဖြင့်သီးနှံစိုက်စွမ်းအားမြှင့်တင်ခြင်းစီမံကိန်းအတွက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ ယာသီးနှံသုတေသနဌာနခွဲ၊ ပဲမျိုးစုံသီးနှံသုတေသနဌာနစုတွင် စိုက်ပျိုးထားရှိသော ပဲပုပ်မျိုး ရေဆင်း-၁၅ ဆင့်ပွားမျိုးစေ့မျိုးသန့်ပွားများနေမှုကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။




သင်တန်းသို့ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်း ၂၀ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင်လ ၂၂ ရက်မှ ၂၆ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ကြောင်းသိရသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ မျိုးစေ့ဘဏ်၊ ဇီဝနည်းပညာနှင့်သီးနှံကာကွယ်ရေးသုတေသနဌာနခွဲ၊ အပင်မျိုးရိုးဗီဇနှင့် မော်လီကျူလာနည်းပညာဖြင့် မျိုးမွေးမြူရေးသုတေသနဌာနစုရှိ မော်လီကျူလာဓာတ်ခွဲခန်း၊ သဘာဝ [continued above] **(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၂၂

## ၂၀၁၉ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက် (အမျိုးသား)ဘောလုံးပြိုင်ပွဲ ကျင်းပမည်

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ပူးပေါင်းကျင်းပသည့် ၂၀၁၉ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၂၁ နှစ်အောက်(အမျိုးသား)ဘောလုံးပြိုင်ပွဲကို ဇူလိုင်လ ၂၃ ရက်မှ ဩဂုတ်လ ၈ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၊ ပေါင်းလောင်းကွင်းနှင့် လယ်ဝေးကွင်းတို့တွင်ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်အသင်း ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကိုစိတ်ပါဝင်စားသည့် မိဘပြည်သူများအနေဖြင့် မည်သူမဆို(အခမဲ့)လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# West Nile ဗိုင်းရပ်စ်အကြောင်း သိကောင်းစရာ

“West Nile ဗိုင်းရပ်စ်ဟု အမည်ရခဲ့ပုံက ရိုးရှင်းသည်။ ယူဂန်ဒါနိုင်ငံ၌ West Nile ပြည်နယ်ရှိသည်။ ၁၉၃၇ ခုနှစ်တွင် ယူဂန်ဒါနိုင်ငံ West Nile ပြည်နယ်၌ အမျိုးသမီးတစ်ဦးတွင် ယင်းဗိုင်းရပ်စ်ကို ပထမဆုံးအကြိမ်အဖြစ် ရှာဖွေတွေ့ရှိခဲ့သည်။ သို့နှင့် West Nile ဗိုင်းရပ်စ်ဟု အမည်တွင်သွားသည်။ West Nile ဗိုင်းရပ်စ်သည် ဥရောပတိုက်သို့ ၁၉၅၀ ပြည့်လွန်နှစ်များကတည်းက ရောက်ရှိလာခဲ့သည်။ အာဖရိကတိုက်နှင့် အရှေ့အလယ်ပိုင်းဒေသမှ အသိုက်ပြောင်းလာကြသည့် ငှက်များမှတစ်ဆင့်ကူးစက်သည်ဟုယူဆကြသည်။ West Nile ဗိုင်းရပ်စ်က ဆောင်းရာသီကဲ့သို့ အေးသည့်အချိန်မျိုးတွင် ခြင်တို့၏ခန္ဓာကိုယ်ထဲ ပုန်းနေတတ်ကြသည်. . .”

အာဖရိကတိုက်မှ ခြေဆန့်လာခဲ့သည့် West Nile ဗိုင်းရပ်စ်သည် အမေရိကန်ပြည်ထောင်စုသို့ ရောက်ရှိအခြေချခဲ့သည်မှာ နှစ်ပေါင်း ၂၅ နှစ်ရှိပြီဖြစ်သည်။ ၁၉၉၉ ခုနှစ်တွင် ဒေါက်တာ ဒီဘိုရာ အက်စ်နစ်အမည်ရ ကူးစက်ရောဂါအထူးကုဆရာဝန်တစ်ဦးသည် နယူးယောက်စီးတီးမြို့တော် ဖလက်ရှင်းဆေးရုံ၌ မကြုံစဖူး ဦးနှောက်ရောင်လူနာများကို စတင်တွေ့ရှိခဲ့သည်။

ပထမဆုံးလူနာက ၁၉၉၉ ခုနှစ် ဩဂုတ်လ ၁၂ ရက်တွင် ဆေးရုံတက်ခဲ့သော အသက် ၆၀ အရွယ်လူနာဖြစ်သည်။ သူသည် အိမ်ပြင်ကိုထွက်ပြီး နေရောင်ခြည်ခံလွန်းသဖြင့် အသားအရေညိုမောင်းနေသည်။ ဆေးရုံရောက်ရှိချိန်တွင် အဖျားတက်ပြီး ကယောင်ကတမ်းဖြစ်နေသည်။ ကြွက်သားများအားနည်းနေသည်။ ဩဂုတ်လ ၁၅ ရက်တွင် အသက် ၈၀ အရွယ် အလားတူ နေပူစာလှုံထားသည့် လူနာအဘိုးအိုတစ်ဦး အဖျားတက်၊ ကယောင်ကတမ်းဖြစ်ပြီး ဆေးရုံရောက်လာပြန်သည်။ ဩဂုတ်လ ၁၈ ရက်တွင် အသက် ၇၅ နှစ်အရွယ် အဘိုးအို၊ ဩဂုတ်လ ၂၀ ရက်တွင် အသက် ၈၇ နှစ်အရွယ် အဘွားအိုတစ်ဦး ဆင်တူလက္ခဏာများနှင့် ဆေးရုံရောက်လာကြသည်။

သည်လောက်ဆိုသေချာပြီ။ ကူးစက်ရောဂါပိုးတစ်ခုခုကတော့ ဒုက္ခပေးနေပြီ။ ဒေါက်တာ အက်စ်နစ်က ဩဂုတ်လ ၂၃ ရက်တွင် နယူးယောက်စီးတီးမြို့တော်ကျန်းမာရေးဌာနသို့ သတင်းပို့လိုက်ပြီး စုံစမ်းစစ်ဆေးမှုများ စတင်ခဲ့ကြသည်။ ဖလက်ရှင်းဆေးရုံကြီးသို့ လူနာများတဖွဲဖွဲရောက်လာကြသည်။ လူနာသုံးဦးကွယ်လွန်သွားသည်။ ကွယ်လွန်သူများ၏ ဦးနှောက်ကို အသားစယူ စစ်ဆေးကြည့်သည့်အခါ West Nile ဗိုင်းရပ်စ်ကို ရှာဖွေတွေ့ရှိခဲ့သည်။ ထိုဗိုင်းရပ်စ်က အမေရိကတိုက်တွင် တစ်ကြိမ်တစ်ခါမှ မမြင်ဖူးခဲ့သည့် ဗိုင်းရပ်စ်ဖြစ်သည်။

နယူးယောက်စီးတီးမြို့တော်၌ ဦးနှောက်ရောင်ပြီး သေဆုံးသူများလာသည်။ ကျီးများက တစ်မြို့လုံး၌ သေနေကြသည်။ West Nile ဗိုင်းရပ်စ်ကြောင့်ဆိုသည်ကို ဘယ်လိုမှမငြင်းနိုင်တော့ပေ။

အာဖရိကတိုက်မှ West Nile ဗိုင်းရပ်စ်က အမေရိကန်ပြည်ထောင်စုကို မည်ကဲ့သို့ရောက်ရှိလာသည်ကို ယနေ့အချိန်ထိ မဖော်ထုတ်နိုင်ကြသေးပေ။ West Nile ဗိုင်းရပ်စ်ကို သယ်ဆောင်လာကြသူများက ငှက်များဖြစ်သည်။ သို့သော် အမေရိကန်ပြည်ထောင်စုသို့ ခရီးရှည်ပျံသန်းပြောင်းရွှေ့တတ်ကြသည့် ငှက်အုပ်စုများတွင် West Nile ဗိုင်းရပ်စ်ရှိသည့်ဒေသက ငှက်အုပ်စုများမပါဝင်ပေ။

West Nile ဗိုင်းရပ်စ်အတွက် လူသားသည် နောက်ဆုံးလက်ခံနေထိုင်ခွင့်ပြုသည့် သက်ရှိဖြစ်သည်။ လူ့ခန္ဓာကိုယ်ထဲရောက်ရှိလာသည့် West Nile ဗိုင်းရပ်စ်သည် ထပ်မံမပွားနိုင်တော့ပေ။ ဗိုင်းရပ်စ်ရှိသည့်ငှက်ကို ခြင်ကကိုက်သည်။ ခြင်တွင် ဗိုင်းရပ်စ်ပွားများလာသည်။ ထိုခြင်က လူကိုကိုက်သည့်အခါ လူတွင် ရောဂါလက္ခဏာခံစားရသည်။ လူမှခြင်သို့ ကူးစက်နိုင်ခြင်းမရှိ။ လူသားအချင်းချင်းလည်းမကူးစက်နိုင်ပေ။ တစ်ခုတော့ရှိသည်။ West Nile ဗိုင်းရပ်စ်ရှိနေသူထံမှသွေးကိုယူ၍ သွေးသွင်းကုသခံရပြီး ကိုယ်တွင်းကလီစာအစားထိုးကုသခံရလျှင် လူသားအချင်းချင်း ရောဂါကူးစက်နိုင်မည်ဖြစ်သည်။

ထို့အတွက်ကြောင့် အမေရိကန်နိုင်ငံသားတစ်ဦး နိုင်ငံပြင်ပ၌ West Nile ဗိုင်းရပ်စ်ကူးစက်ခံလာရလျှင် အမေရိကန်နိုင်ငံပြန်ရောက်သည့်အခါ တခြားသူများကို ရောဂါကူးစက်စေနိုင်မည်မဟုတ်ပေ။ အဖြစ်နိုင်ဆုံးတစ်ခုက West Nile ဗိုင်းရပ်စ်ကူးစက်ခံထားရသည့် ခြင်တစ်ကောင် သို့မဟုတ် ငှက်တစ်ကောင်သည် နယူးယောက်စီးတီးမြို့တော်အတွင်း ဝင်ရောက်လာမည်။ ထို့နောက် ဗိုင်းရပ်စ်သည် ငှက်မျိုးနွယ်များကြားတွင် ကူးစက်ပျံ့နှံ့သွားပြီး ရှင်သန်နေမည်ဖြစ်သည်။ ငှက်တစ်ကောင်နှင့် တစ်ကောင်ကြား ကူးစက်ပျံ့နှံ့နိုင်ရန် ခြင်ကကြားခံသယ်ဆောင်သူအဖြစ် တာဝန်ယူသည်။ Culex pipiens အမည်ရ ခြင်မျိုးစိတ်က အမေရိကန်ပြည်ထောင်စုအရှေ့ဘက်ကမ်းခြေတွင် West Nile ဗိုင်းရပ်စ်ကို ကြားခံသယ်ဆောင်ပေးသူဖြစ်သည်။

West Nile ဗိုင်းရပ်စ်ဟု အမည်ရခဲ့ပုံက ရိုးရှင်းသည်။ ယူဂန်ဒါနိုင်ငံ၌ West Nile ပြည်နယ်ရှိသည်။ ၁၉၃၇ ခုနှစ်တွင် ယူဂန်ဒါနိုင်ငံ West Nile ပြည်နယ်၌ အမျိုးသမီးတစ်ဦးတွင် ယင်းဗိုင်းရပ်စ်ကို ပထမဆုံးအကြိမ်အဖြစ် ရှာဖွေတွေ့ရှိခဲ့သည်။ သို့နှင့် West Nile ဗိုင်းရပ်စ်ဟု အမည်တွင်သွားသည်။ West Nile ဗိုင်းရပ်စ်သည် ဥရောပတိုက်သို့ ၁၉၅၀ ပြည့်လွန်နှစ်များကတည်းကရောက်ရှိလာခဲ့သည်။ အာဖရိကတိုက်နှင့် အရှေ့အလယ်ပိုင်းဒေသမှ အသိုက်ပြောင်းလာကြသည့် ငှက်များမှတစ်ဆင့်ကူးစက်သည်ဟု ယူဆကြသည်။ West Nile ဗိုင်းရပ်စ်က ဆောင်းရာသီကဲ့သို့ အေးသည့်အချိန်မျိုးတွင် ခြင်တို့၏ခန္ဓာကိုယ်ထဲ ပုန်းနေတတ်ကြသည်။ ယနေ့တွင် West Nile ဗိုင်းရပ်စ်က အန္တာတိကတိုက်မှလွဲ၍ ကျန်ကမ္ဘာ့တိုက်ကြီးများအားလုံးတွင် ရောက်ရှိနေပေပြီ။ အီတလီနှင့်ဂရိနိုင်ငံများအပါအဝင် ဥရောပနိုင်ငံ အတော်များများတွင်လည်း West Nile ဗိုင်းရပ်စ် ရောက်ရှိနေသည်ကိုတွေ့နေရသည်။ အဓိက ကြားခံသယ်ယူဖြန့်ဖြူးပေးသည်က Culex အုပ်စုဝင် ခြင်များဖြစ်ပြီး Culex pipiens မျိုးစိတ်က အများဆုံးဖြစ်သည်။

West Nile ဗိုင်းရပ်စ်ကူးစက်ခံရသူများ၏ ၈၀ ရာခိုင်နှုန်းက ရောဂါလက္ခဏာတစ်စုံတစ်ရာမပြဘဲ ကျန်သည့် ၂၀ ရာခိုင်နှုန်းအနက် အများစုမှာ တုပ်ကွေးသာသာ အဖျားဝင်ပြီး မကြာမီပျောက်ကင်းသွားကြသည်။ သို့သော် ဗိုင်းရပ်စ်ကူးစက်ခံရသူလူနာ ၁၅၀ လျှင် တစ်ဦးတွင် ဦးနှောက်အာရုံကြောဆိုင်ရာလက္ခဏာများခံစားရတတ်ပြီး ထိုသို့ ရောဂါပြင်းထန်သူ ၁၀ ဦးတွင် တစ်ဦးမှာ သေဆုံးနိုင်သည်။ သက်ကြီးပိုင်းလူနာများတွင် ရောဂါကိုပြင်းထန်စွာခံစားရရန်များသည်။ အမေရိကန်ပြည်ထောင်စု၌ ၁၉၉၉ ခုနှစ်မှ ၂၀၂၁ ခုနှစ်အတွင်း ဦးနှောက်အာရုံကြောလက္ခဏာများခံစားရသည့် West Nile ဗိုင်းရပ်စ်ကူးစက်လူနာ ၂၇၀၀၀ ဦးရှိခဲ့ပြီး ယင်းတို့အထဲမှ ၂၆၀၀ သေဆုံးခဲ့ရသည်။ ထိုသို့ ရောဂါပြင်းထန်သူများအတွက် ကုသဆေးတစ်စုံတစ်ရာမရှိပါ။ အနီးကပ်စောင့်ကြည့်ပြီး လိုအပ်သလိုပြုစုစောင့်ရှောက်ရန်သာဖြစ်သည်။ အသက်ဘေးမှ လွတ်မြောက်ခဲ့လျှင်တောင်မှ နာတာရှည်အာရုံကြောအားနည်းဝေဒနာများ ကျန်ရစ်ခဲ့နိုင်သည်။

အီတလီနိုင်ငံ ဘိုလော့ဂ်နာတက္ကသိုလ်မှ ဆေးပညာ ပါမောက္ခတစ်ဦးက အီတလီနိုင်ငံမြောက်ပိုင်းရှိ ငှက်များ၊ ခြင်များနှင့် လူများထံမှ West Nile ဗိုင်းရပ်စ်ကိုထုတ်ယူပြီး မျိုးဗီဇစစ်ဆေးသည့် သုတေသနတစ်ခု ပြုလုပ်ခဲ့သည်။ ထိုသုတေသနအရ လူ၊ ငှက်နှင့် ခြင်များထံမှ West Nile ဗိုင်းရပ်စ်မျိုးဗီဇအစီအစဉ်များကွာဟချက်မရှိကြောင်း သိရှိကြရသည်။ ထို့အတွက်ကြောင့် West Nile ဗိုင်းရပ်စ်ကူးစက်ခံရပြီး ရောဂါပြင်းထန်မှုကွာဟချက်သည် သက်ဆိုင်ရာလူနာတစ်ဦးချင်းစီ၏ခံနိုင်ရည်ပေါ်တွင်သာ မူတည်ကြောင်း ကောက်ချက်ချရမည်ဖြစ်သည်။ သာမန်အားဖြင့် West Nile ဗိုင်းရပ်စ်သည် ရိုးရှင်းသည့် ဗိုင်းရပ်စ်တစ်မျိုးဖြစ်ပြီး ရောက်ရှိရာဒေသ၏ ရာသီဥတုပေါ်မူတည်၍သာ ပြောင်းလဲမှုအနည်းငယ်ရှိနိုင်ကြောင်း သုံးသပ်ရသည်။

Culex pipiens ခြင်များက သမပိုင်းဇုန် ရာသီဥတုကိုနှစ်သက်သည်။ ရာသီဥတုပေါ်မူတည်၍ ရောဂါကူးစက်ပျံ့နှံ့သည့် ကာလအပိုင်းအခြားကွာခြားသွားသည်။ ခရစ်နှစ် ၂၀၈၀ ပြည့်လွန်နှစ်များရောက်လျှင် ကနေဒါနိုင်ငံ၏ West Nile ဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့ရာသီမှာ နှစ်လခန့်အထိ ကြာမြင့်လာမည်ဟု ခန့်မှန်းကြသည်။ အလွန်အေးသည့် ကနေဒါနိုင်ငံ၏ အအေးဓာတ်လျော့နည်းလာခြင်းကြောင့်ဖြစ်သည်။ ဂျာမနီနိုင်ငံ၌ West Nile ဗိုင်းရပ်စ်ကူးစက်ခံရသူလူနာတစ်ဦးကို ၂၀၁၈ ခုနှစ်တွင် စတင်တွေ့ရှိခဲ့သည်။ နယ်သာလန်နိုင်ငံ၌ ၂၀၂၀ ပြည့်နှစ်တွင် လူနာတစ်ဦး စတွေ့သည်။ ပူပြင်းသည့်ရာသီဥတုက ခြင်သားလောင်းများကို ခြင်များမြန်မြန်ပေါက်ပွားလာစေရန် အားပေးသည်။ အပူချိန်ကလည်း West Nile ဗိုင်းရပ်စ်များ ပွားများရန် အားပေးလျက်ရှိသည်။ ရာသီဥတုပူသည့်အခါ ခြင်များက အစာကြေပိုလွယ်လာပြီး သွေးများကို ပိုစုပ်ယူလာနိုင်ကြသည်။ ခြင်ပိုကိုက်သည်ဟုဆိုရမည်။

West Nile ဗိုင်းရပ်စ်အကြောင်းက သိပ်မရှုပ်ထွေးသော်လည်း ကူးစက်ပျံ့နှံ့မှုကို ခြေရာခံရန် လွယ်မယောင်နှင့်ခက်နေသည်။ ရာသီဥတုအပြောင်းအလဲ၊ လူသား၏ကိုယ်ခံစွမ်းအား၊ ငှက်နှင့်ခြင်တို့ပေါ်မူတည်ပြီး အမြဲပြောင်းလဲနေသည်။

နှစ်တစ်နှစ်၏အစပိုင်းတွင် စောင့်ကြည့်စစ်ဆေးရေးအဖွဲ့များက West Nile ဗိုင်းရပ်စ်ကူးစက်ခံထားရသည့်ခြင်များကိုဖမ်းမိသည်၊ ခြေရာခံမိသည်။ သို့သော် ရောဂါပိုးကူးစက်ခံရသည့် လူနာကို ဇူလိုင်လရောက်မှတွေ့ကြရသည်။ ကြားထဲခြောက်လတာကာလတွင် West Nile ဗိုင်းရပ်စ် ကွင်းဆက်ပြတ်နေသည်။ ၂၀၂၁ ခုနှစ် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသောကာလများအတွင်း အမေရိကန်ပြည်ထောင်စု အရီဇိုးနားပြည်နယ် မာရီကိုပါတိုက်နယ်၌ West Nile ဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် ၁၀၁၄ ဦး ဆေးရုံတက်ရပြီး ၁၀၁ ဦးသေဆုံးခဲ့သည်။ ထိုအချိန်က အိုင်စီယူအထူးကြပ်မတ်ကုသဆောင်ထဲတွင် ကိုဗစ်-၁၉ ရောဂါလူနာများနှင့် West Nile ဗိုင်းရပ်စ်လူနာများဖြင့် ပြည့်နှက်နေခဲ့သည်။

West Nile ဗိုင်းရပ်စ်သယ်ဆောင်သော Culex pipiens ခြင်များနှိမ်နင်းရေးကလည်း ဖုံး၊ သွန်၊ လဲ၊ စစ် ထက်ပိုပြီး ထူးထူးခြားခြားမရှိ။ ခြင်သားလောင်းများကို သေစေသည့် Larvicides များနှင့် အရွယ်ရောက်ပြီးခြင်များကိုသေစေနိုင်သည့် Adulticides ဆေးများဖျန်း၍ ကာကွယ်ကြသည်။ သို့သော် Culex pipiens ခြင်များက ဆေးဖျန်းပြီး မကြာမီပြန်ပွားလာသည်။ ခြင်ဆေးများယဉ်ပါးမှုကြောင့်လည်း ဖြစ်နိုင်သည်။

အီတလီနိုင်ငံမြောက်ပိုင်း၌ West Nile ဗိုင်းရပ်စ်စောင့်ကြည့်သည့်စနစ်ကို ၂၀၀၉ ခုနှစ်ကတည်းက စတင်ခဲ့သည်။ ငှက်များနှင့်ခြင်များကိုဖမ်းပြီး West Nile ဗိုင်းရပ်စ် ရှိ၊ မရှိ စစ်ဆေးကြခြင်းဖြစ်သည်။ ၂၀၂၄ ခုနှစ် ဇန်နဝါရီလတွင် ဗိုင်းရပ်စ်ကို ငှက်များတွင် စတင်တွေ့ရှိခဲ့သည်။

ထို့အတွက် လူများတွင် မကြာမီတွေ့ရတော့မည်ဟု မျှော်မှန်းခဲ့ကြသည်။ သို့သော် ၂၀၂၄ နွေဦးက အီတလီနိုင်ငံ၌ အတော်လေးအေးသွားသည်။ ထို့ကြောင့် ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် ပထမဆုံး West Nile ဗိုင်းရပ်စ်ကူးစက်ခံထားရသည့် လူနာကို စတင်တွေ့ရှိသည်။

အမေရိကန်ပြည်ထောင်စု၌ West Nile ဗိုင်းရပ်စ်တွေ့ရှိမှု ၂၅ နှစ်တာကာလအတွင်း ရောဂါထိန်းချုပ်ရေးနှင့်ပတ်သက်၍ ထင်သလောက် မတိုးတက်ခဲ့ပေ။ နှစ်စဉ်လိုလို West Nile ဗိုင်းရပ်စ်ကူးစက်ခံရပြီး ဝေဒနာခံစားကြရသူ ထောင်ဂဏန်းရှိနေဆဲဖြစ်သည်။ ထို့အတွက် ကာကွယ်ဆေးဖော်ထုတ်ရန် စီစဉ်ခဲ့ကြသည်။ ဗိုင်းရပ်စ်၏ ခန့်မှန်းရခက်ခဲသည့် သဘောသဘာဝကြောင့်လည်း ကာကွယ်ဆေးဖော်ထုတ်ရန် အခက်အခဲဖြစ်နေသည်။ ဆေးသစ်တစ်မျိုးဖော်ထုတ်ရန် အဆင့်လေးဆင့်ရှိရာတွင် အဆင့်နှစ်ဆင့်ထက်ကျော်လွန်ပြီး အောင်မြင်လာသည့် စမ်းသပ်ဆေးဟူ၍မရှိသေးပေ။

အချုပ်အားဖြင့်ဆိုရသော် West Nile ဗိုင်းရပ်စ်သည် လူကိုအသင့်အတင့်ဒုက္ခပေးနိုင်သည့် ရောဂါဖြစ်သည်။ ပူပြင်းသည့်ဒေသကိုနှစ်သက်ပြီး အိမ်နီးချင်းအိန္ဒိယနှင့်တရုတ်နိုင်ငံတို့သို့လည်း ရောက်ရှိနေပြီဖြစ်သည်။ West Nile ဗိုင်းရပ်စ်ကာကွယ်ရေးအတွက် ခြင်ကို နှိမ်နင်း၍ရသည်၊ ဗိုင်းရပ်စ်ကို ကာကွယ်ဆေးထိုးပြီး ထိန်းချုပ်၍ရနိုင်သည်။ ငှက်ကိုတော့ ထိန်းချုပ်ရန်မလွယ်ပေ။ အရေးကြီးသည်က West Nile ဗိုင်းရပ်စ်ကူးစက်ပြန့်ပွားမှုမရှိစေရန် စောင့်ကြည့်စစ်ဆေးပညာပေးနည်းလမ်းများဖြင့် ကာကွယ်ကြရမည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ဒေါက်တာလွှမ်းမိုးဟန်

တောင်ကြီး၊ လူမှုရေး

## စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်ဖွင့်ပွဲကျင်းပ



ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့ ရေအေးကွင်းရပ်ကွက် အမှတ် (၅)အခြေခံပညာ အထက်တန်းကျောင်း၌ ဇူလိုင်လ ၂၂ ရက် နံနက်ပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး ပွဲတော် ဖွင့်ပွဲအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူလေးများက "ပညာဘဏ်တိုက်စာကြည့်တိုက်သို့ သွားကြစို့" တေးသီချင်းဖြင့် သီဆိုဖျော်ဖြေသည်။

ထို့နောက် ရှမ်းပြည်နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီနာယက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကားပြောကြားရာတွင် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ ပြည်သူ့စာကြည့်တိုက်များနှင့် ကျောင်းစာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်ရန် လိုအပ်သည့်အတွက် နိုင်ငံတော်အနေဖြင့် စာကြည့်တိုက်မရှိသေးသည့် ကျေးရွာအုပ်စု၊ ကျေးရွာများတွင် စာကြည့်တိုက်အသစ်တည်ဆောက်ပေးခြင်း၊ ကျေးရွာစာကြည့်တိုက်များ ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးနေသည်ကို တွေ့ရမည်ဖြစ်ကြောင်း စသည်ဖြင့်ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် ထောက်ပံ့ငွေပေးအပ်ရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွန့်ရွှေကလက်ခံရယူပြီး တာဝန်ရှိသူများက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော်အတွက် အလှူငွေနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ အမှတ်(၅)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက "စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်" တေးသီချင်း၊ "ဦးရွှေရိုး ဒေါ်မိုး" အက နှင့် "ကောင်းကျိုးရဖို့စာဖတ်စို့" တေးသီချင်းများဖြင့် ကပြဖျော်ဖြေကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဖွင့်ပွဲအခမ်းအနားတက်ရောက်လာကြသူများက စာဖတ်ရှိန်မြှင့်တင်ရေးပွဲတော် ကာယ၊ ဉာဏ ပြိုင်ပွဲများ၊ ဓာတ်ပုံနှင့်စာအုပ်ပြပွဲများအား လှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။

(၄၀၅)

ဘားအံ၊ လူမှုရေး

## မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

ကရင်ပြည်နယ် ဘားအံခရိုင် ရှမ်းရွာသစ်မြို့ အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာမူလတန်းကျောင်း၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲကို ဇူလိုင်လ ၂၂ ရက် နံနက်ပိုင်းတွင်ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့ဦးစီးမှူး ဒေါ်ဇင်မိုးအေးက ကျောင်းသား၊ ကျောင်းသူများ မူးယစ်ဆေးဝါးအန္တရာယ်မှကင်းဝေးစေရေးရည်ရွယ်၍ ၁၉ ရာစုနှောင်းပိုင်း တွေ့ရှိရသော မူးယစ်ဆေးဝါးအမျိုးအစားများ၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းဖြင့် ဖြစ်ပေါ်နိုင်သော စိတ်ပိုင်းဆိုင်ရာထိခိုက်မှု၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာထိခိုက်မှု၊ လူမှုရေးပိုင်းဆိုင်ရာထိခိုက်မှုနှင့် မူးယစ်ဆေးဝါးဆိုင်ရာပြစ်မှု၊ ပြစ်ဒဏ်များကိုလည်းကောင်း၊ ကျောင်းအုပ်ဆရာကြီး ဦးရာဇာအောင်က မူးယစ်ဆေးဝါးသုံးစွဲခြင်းဆိုင်ရာ ဆိုးကျိုးများကိုလည်းကောင်း ကျောင်းသား၊ ကျောင်းသူများအား အသိပညာပေးဟောပြောသည်။

ထို့နောက် မူးယစ်ဆေးဝါးအန္တရာယ်နှင့်ပတ်သက်၍ အကျယ်တဝင့်သိရှိစေရေး နံရံကပ်စာစောင်များပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်စားစွာကြည့်ရှုလေ့လာမှတ်သားကြောင်းသိရသည်။

**ဇင်လေး(ပြန်/ဆက်)**

ပင်းတယ၊ လူမှုရေး

## ပင်းတယမြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေထုတ်ပေး

ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခြင်းအခမ်းအနားကို ဇူလိုင်လ ၂၂ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် ညောင်ကောက်ကျေးရွာအုပ်စု ညောင်ကောက်ကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးလင်းထွဋ်ခိုင်က ကျေးလက်နေပြည်သူများ စိုက်ပျိုးရေးလုပ်ငန်းများလုပ်ကိုင်ရန် လိုအပ်သည့် ငွေကြေးအရင်းအနှီးများ ရရှိစေရန်နှင့် တိုးပွားလာသော အတိုးရငွေများဖြင့် ကျေးရွာတွင်းဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ထုတ်ချေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပင်းတယမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်နှင့် စီမံကိန်းတာဝန်ခံတို့က အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက်လည်ပတ်ရန်ပုံငွေများကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ညောင်ကောက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်မည့် အသင်းသူ၊ အသင်းသား ၁၀၀ ဦးကို ဒသမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၇၈၃ သိန်းအား အတိုးနှုန်းသက်သာစွာ ထုတ်ချေးပေးကြောင်း သိရသည်။

**ချိုသန်းညွန့်(ကျေးလက်)**

### ♫♫ သဇင် (FM) အသံလွှင့်အစီအစဉ် ♫♫

၂၃-၇-၂၀၂၄(အင်္ဂါနေ့)

| | | |
|---|---|---|
| ၁။ | ၀၆း၃၀ | ခံစားနားဆင် မြန်မာသံစဉ် |
| ၂။ | ၀၉း၀၀ | အယ်ဒီတာ့အာဘော် |
| ၃။ | ၁၁း၅၀ | လှပကျန်းမာ |
| ၄။ | ၁၅း၃၀ | Opposite Song |
| ၅။ | ၁၇း၀၀ | ထင်ရှားကျော်ကြားပုဂ္ဂိုလ်များ |
| ၆။ | ၁၈း၂၀ | Online Request Song |

## ရင်မှာလန်းဆန်း အပြုံးပန်းနှင့်

➤ ဂုဏ်ပြုသည်တဲ့ ဂုဏ်ပြုသည်။
မိဘဆရာ မျက်နှာလှ
ဝမ်းသာကြပြီ။
အပြုံးပန်းတို့ ဝေဝေစည်
လှဂုဏ်ရည် ရှုမဆုံး။
မြတ်ပညာ ထွန်းလင်းတောက်တယ်
ဝမ်းမြောက်ရွှင်ပြုံး။

➤ ပျော်ရွှင်ကာ စိတ်ချမ်းမြေ့
ကြည်နူးမွေ့ မှတ်တမ်းတင်။
တက္ကသိုလ်ဝင် စာမေးပွဲ
ထူးကဲအောင်မြင်။
ကြိုးစားလို့ အရာထင်
ပေါ်လွင်ကာ ထင်ရှား။
ဘာသာစုံ ဂုဏ်ထူးရတယ်
အားကျဖွယ်များ။

➤ နိုင်ငံတော် ဘက်စုံပညာရေး
အားပေးတဲ့ သည်ချိန်ခါ။
ထူးချွန်စွာ အောင်မြင်မှု
ဂုဏ်ပြုမင်္ဂလာ။
စနစ်သစ် မြတ်ပညာ
ကြိုးစားကာ သင်ယူလို့။
ပညာဆို ရွှေခရီးမှာ
ကြီးမြင့်စေဖို့။

➤ ပန်းကလေးတွေ ပမာပြု
တွေးရှုလို့ တင်စားသော်။
မွှေးရနံ့ဖြာ အဆင်းလှ
ရှုမဝနော်။
လေသင့်တိုင်း မွှေးလို့ကျော်
ပြုံးရွှင်ပျော် ဆထက်ကဲ။
နိုင်ငံတော် ဂုဏ်ရနံ့သင်းအောင်
ကောင်းခြင်းဆောင် အောင်မြင်မှု
ဂုဏ်ပြုတဲ့ပွဲ။ ။

**အာကာမောင်မောင်**

ပွင့်ဖြူ၊ စီးပွားရေး

# ပွင့်ဖြူမြို့နယ်၌ နွေနှမ်းလှိုင်လှိုင်ပေါ်ချိန်တွင် ဈေးကွက်အတွင်း ဂျပန်နှမ်းနက်များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း မဲဇလီရေလွှဲဆည်ရေဖြင့် စိုက်ပျိုးသည့် နွေနှမ်းစိုက်ခင်းများ လှိုင်လှိုင်ပေါ်ချိန်တွင် ဈေးကွက်အတွင်း ဂျပန်နှမ်းနက်များ အရောင်းအဝယ်ကောင်းမွန်လျက်ရှိကြောင်း ပွင့်ဖြူမြို့နယ်မှ ဒေသခံတောင်သူများ၏ပြောပြချက်အရ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများသည် နှစ်စဉ် နွေသီးနှံစိုက်ပျိုးရာသီတွင် စားသုံးမှုဖူလုံစေရန်နှင့် သီးနှံဝင်ငွေတိုးပွားစေရန် ဆီထွက်သီးနှံများဖြစ်သည့် နှမ်း၊ မြေပဲ၊ နေကြာတို့ကို အားထားစိုက်ပျိုးကြသည်။ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးသည့် ဆီထွက်သီးနှံစိုက်ခင်းများမှာ စိုက်ပျိုးရေနှင့် သီးနှံအောင်ရေလုံလောက်စွာရရှိသဖြင့် အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်လျက်ရှိကြောင်း သိရသည်။

“အခုက ကျွန်တော်တို့ဒေသမှာ မဲဇလီရေလွှဲဆည်ရေနဲ့စိုက်ပျိုးခဲ့တဲ့ နွေနှမ်းစိုက်ခင်းတွေ ရိတ်သိမ်းခြွေလှေ့နေတဲ့အချိန်ဖြစ်ပါတယ်။ ဒီနှစ်မှာ နွေနှမ်းစိုက်ခင်းတွေက စိုက်ပျိုးရေနဲ့ သီးနှံအောင်ရေလုံလုံလောက်လောက်ရရှိပြီး ပိုးမွှားကျရောက်မှုလည်းမရှိတာကြောင့် အောင်မြင်ဖြစ်ထွန်းပါတယ်။ အထွက်နှုန်းအနေနဲ့ တစ်ဧကကို ပျမ်းမျှ ၁၀ တင်းနဲ့အထက်ထွက်ရှိပါတယ်။ နှမ်းဈေးကွက်ကလည်း ကောင်းပါတယ်”ဟု ပွင့်ဖြူမြို့နယ် ကံသာကြီးကျေးရွာမှ ပဲနှမ်းကုန်သည်တစ်ဦးကပြောသည်။

ပွင့်ဖြူမြို့နယ်၌ ဒေသခံတောင်သူများသည် ဆီထွက်သီးနှံ နှမ်းစိုက်ပျိုးရာတွင် မဲဇလီရေလွှဲဆည်ရေကို အမှီပြုပြီး နွေ၊ မိုး၊ ဆောင်း တစ်နှစ်ပတ်လုံး စိုက်ပျိုးကြကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် သီးနှံအထွက်နှုန်း တိုးတက်ကောင်းမွန်စေရန် စိုက်ပျိုးရေးဦးစီးဌာနနှင့်ဆက်စပ်ဌာနများက လိုအပ်သည့်စိုက်ပျိုးရေလုံလောက်စွာရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ မျိုးကောင်းမျိုးသန့်ရွေးချယ်စိုက်ပျိုးရေး၊ ပိုးမွှားရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများနှင့် သီးနှံအချိန်မီရိတ်သိမ်းခြွေလှေ့နည်းပညာများကို ပံ့ပိုးကူညီဆောင်ရွက်ပေးသဖြင့် ဒေသခံတောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**




စစ်ကိုင်း၊ သက်မွေးပညာ

# လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ အမျိုးသမီးများ ဝင်ငွေတိုးရေးလုပ်ငန်းစီမံကိန်းအရ ဖွင့်လှစ်ခဲ့သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို ဇူလိုင်လ ၂၂ ရက်တွင် စစ်ကိုင်းမြို့ရှိ အဆိုပါရုံး၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဝေလျံစိုးက သင်တန်းကို ခုနစ်ရက်ကြာစာတွေ့လက်တွေ့ သင်ကြားပြသပေးခဲ့ပြီးဖြစ်၍ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် နည်းပညာများရရှိကြလိမ့်မည်ဟု ယူဆကြောင်း၊ အဆိုပါနည်းပညာများကိုအသုံးချပြီး မိမိတို့မိသားစု တစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းများကို လက်တွေ့လုပ်ကိုင်ဆောင်ရွက်ကြစေလိုကြောင်း၊ ထူးချွန်သင်တန်းသား၊ သင်တန်းသူများကိုလည်း နိုင်ငံတော်မှ ငွေကျပ် ၁၄ သိန်းနှင့်ညီမျှသော ထုတ်ကုန်ပစ္စည်းများ ပံ့ပိုးပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ခရိုင်ကျေးလက်လမ်းဦးစီးဌာန ဦးစီးမှူးက သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မျိုးနေပိုင်နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးမြင့်လေးတို့က သင်တန်းမှရရှိသည့် ထုတ်ကုန်ပစ္စည်းများကိုလည်းကောင်းပေးအပ်ရာ သင်တန်းသူများက လက်ခံရယူကြပြီး သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သိရသည်။ **ဇော်မြင့်နိုင်**



ရန်ကုန်၊ သင်တန်း

# Supervisor Level Industrial Engineering(IE) နည်းပညာသင်တန်းဖွင့်လှစ်မည်

Supervisor Level Industrial Engineering(IE) နည်းပညာသင်တန်းကို ရန်ကုန်မြို့၌ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းမှ သိရသည်။

Supervisor Level Industrial Engineering(IE) နည်းပညာသင်တန်း အမှတ်စဉ် (၈၁)ကို ဇူလိုင်လ ၂၉ ရက်မှ ဩဂုတ်လ ၉ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ယင်းသင်တန်းတွင် ကမ္ဘာတစ်ဝန်းရှိ အထည်ချုပ်လုပ်ငန်းများ၏ လက်ရှိအခြေအနေနှင့် Line Balance အရေးကြီးပုံ၊ စီမံခန့်ခွဲသူ၏အခန်းကဏ္ဍများအကြောင်း၊ ထုတ်လုပ်မှုဒီဇိုင်းများ၊ အဝတ်အထည်များထုတ်လုပ်စဉ်ကို ခွဲခြမ်းစိတ်ဖြာခြင်း၊ လုပ်ငန်းလည်ပတ်မှုနှုန်းများ၊ ချည်မျှင်နှင့်သက်ဆိုင်သည့်ဗဟုသုတများ လက်တွေ့ကွင်းဆင်း လေ့လာခြင်းတို့ကို အတွေ့အကြုံရှိသည့် ဆရာမများက သင်ကြားပေးမည်ဖြစ်သည်။

ထို့ပြင် အဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (Advanced Sewing Machine Operator Training) အမှတ်စဉ်(၇) ကိုလည်း ဇွန်လ ၂၄ ရက်မှ ဇူလိုင်လ ၅ ရက်အထိ ဖွင့်လှစ်သင်ကြားပေးခဲ့ကြောင်း၊ ယင်းသင်တန်းတွင် အထည်များ၏ အစိတ်အပိုင်းများဖြစ်သော အိတ်ဖုံး၊ ခရုပတ်၊ ပခုံးဒေါက်၊ အိတ်ကပ်၊ ဖောက်အိတ်ပုံစံအမျိုးမျိုး၊ ရိုးရိုးဇစ်တပ်နည်း၊ ဇစ်ပျောက်တပ်နည်း၊ အမျိုးသားဝတ်ဂျာစီ (သဘော်သားလျှာချုပ်နည်း)၊ ရှပ်အင်္ကျီလက်ရှည်တစ်ထည်လုံးချုပ်နည်း၊ ခါးပတ်ပါသည့် A Skirt တစ်ထည်လုံးချုပ်နည်းများနှင့် အထူးစက်ချုပ်နည်းခြောက်မျိုးတို့ကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းကို တက်ရောက်လိုသူများအနေဖြင့် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) အမှတ် ၄၀၀/ဘီ အောက်မင်္ဂလာဒုံလမ်းမကြီး အင်းစိန်မြို့နယ် ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၉၄၀၈၅၈၃၅၀၊ ၀၉-၄၅၀၇၂၃၂၆၂၊ ၀၉-၄၀၃၉၁၂၅၇၀၊ ၀၉-၇၈၄၀၈၅၇၉၄ နှင့် ၀၉-၉၅၂၈၀၂၆၃၅ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းတက်ရောက်နိုင်ကြောင်း သိရသည်။

**ဝန်းရံခ**

စစ်ကိုင်း၊ စိုက်ပျိုးရေး

# စစ်ကိုင်းမြို့နယ်အတွင်း ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၃၂၈ ဧက စိုက်ပျိုးပြီးစီး

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်အတွင်း ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်သီးနှံစုံ ၃၃၂၈ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စစ်ကိုင်းမြို့နယ်၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၂၄၃၃၀ စိုက်ပျိုးရန်လျာထားပြီး မေလမှစတင်စိုက်ပျိုးခဲ့ရာ လက်ရှိတွင် ၃၃၂၈ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

ပြီးခဲ့သည့်နှစ် မိုးသီးနှံစိုက်ပျိုးရာသီက စစ်ကိုင်းမြို့နယ်၌ ဟင်းသီးဟင်းရွက်သီးနှံစုံ ဧက ၂၄၃၃၀ စိုက်ပျိုးရန်လျာထားပြီး ၂၀၂၃ ခုနှစ် မေလမှ စက်တင်ဘာလအထိ စိုက်ပျိုးခဲ့ရာ စိုက်ပျိုးရာသီပြီးဆုံးချိန်တွင် ၂၈၆၁၅ ဧကအထိ စိုက်ပျိုးနိုင်ခဲ့သည်။

စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို စိုက်ဧကများ တိုးချဲ့စိုက်ပျိုးရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့်ညီညွတ်သော ဟင်းသီးဟင်းရွက်များရရှိရေး၊ သဘာဝမြေသြဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **(၄၀၉)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီးညီစော ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင် ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ဘာသာစုံဂုဏ်ထူးရှင်ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပိုးရယ်အောင်သိန်း ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်စဉ်။

☆ **စာမျက်နှာ ၁၅ မှအဆက်**

သညာသိကနေ ပညာသိဖြစ်လာအောင် မိမိအတွက်၊ မိသားစုအတွက်၊ လူ့အဖွဲ့အစည်းအတွက်၊ နိုင်ငံတော်အတွက် တန်ဖိုးမြင့်လူသားများ၊ ပညာရှင်များ၊ ပါရဂူများဖြစ်အောင် ဆက်လက်ကြိုးစားအားထုတ်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**"ပြည့်အင်အားဟာ ပြည်တွင်းမှာသာ ရှိသည်"** ဆိုသည့်အတိုင်း နိုင်ငံ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်သည့်အခါတွင် ဝိဇ္ဇာနှင့်သိပ္ပံနယ်ပယ်(၂)ခုလုံးတွင် ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ လိုအပ်ကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် ဝိဇ္ဇာနှင့် သိပ္ပံဘာသာရပ် (၂)ခုလုံးကို တန်ဖိုးထားလေ့လာကြရန် တိုက်တွန်းလိုကြောင်း။

မိမိတို့နိုင်ငံသည် ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို တန်ဖိုးထားထိန်းသိမ်းသည့် နိုင်ငံဖြစ်ကြောင်း၊ အမျိုးဘာသာ၊ သာသနာ၊ ပညာစောင့်ရှောက်ရေးသည် နိုင်ငံ့အရေးဖြစ်သည့်အတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိကြောင်း။

ဆုရကျောင်းသား၊ ကျောင်းသူများအပါအဝင် လူငယ်အားလုံးအနေဖြင့် **"အတ္တနှင့်ပရ"** မျှတအောင် ပြုမူကျင့်ကြံနေထိုင်ကြရန်လိုအပ်ကြောင်း၊ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး ပြည်သူ့အကျိုးပြုတိုင်းပြည်အကျိုးပြုလုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်လိုသည့် စိတ်ကောင်းစေတနာရှိရန်လိုအပ်ကြောင်း။

ကျောင်းသားလူငယ်များသည် အသိပညာနှင့် **စာမျက်နှာ ၁၂ သို့**☆

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြောကြားစဉ်။



# ပြည်ထောင်စုကြီးတစ်ခုလုံးဘက်စုံထောင့်စုံဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရကဦးဆောင်ရမည်မှန်ပေသော်လည်း ပြည်သူလူထုတစ်ရပ်လုံး၏ “စုပေါင်းအား” ဖြင့်ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အားကောင်းမည်ဖြစ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် တစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိသည့် ကျောင်းသား၊ ကျောင်းသူ ၃၁ ဦးနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

★ စာမျက်နှာ ၁၁ မှအဆက်

အတတ်ပညာကို ဟန်ချက်ညီညီထိန်းညှိပြီး မိမိတို့၏ရည်မှန်းထားသည့် ပန်းတိုင်ကို အရောက်သွားရန်လိုကြောင်း၊ **“အလိမ္မာ စာမှာရှိ”** ဆိုသည့် ဆိုရိုးစကားအတိုင်း စာအုပ်စာပေများ ဖတ်ရန်လိုကြောင်း၊ ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် အကြောင်းအရာများကို မှန်မှန်ကန်ကန် လေ့လာသုံးသပ်ပြီး အသိအမြင်မှန်ကန်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်မှုများ မှန်ကန်ကြရန်၊ အမှားအယွင်းမလုပ်မိကြရန် လိုကြောင်း။

မျက်မှောက်ကာလသည် ဒစ်ဂျစ်တယ်နည်းပညာဖြင့် အရာရာကို ဖန်တီးနိုင်နေပြီဆိုသည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ ဒစ်ဂျစ်တယ်နည်းပညာကို မျက်ခြည်မပြတ် လေ့လာကြရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့နိုင်ငံသည် ကမ္ဘာနှင့် ရင်ပေါင်တန်းနိုင်ပြီး နောက်ကျမကျန်ရစ်မည်ဖြစ်ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်စဉ်။

လူငယ်များအနေဖြင့် ဘဝတွင်အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကို လေးစားလိုက်နာတတ်ရန်လည်းလိုကြောင်း၊ နိုင်ငံတော်က ချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့် နိုင်ငံ့သားကောင်းများအဖြစ် နိုင်ငံကိုအကျိုးပြုနိုင်မည်ဖြစ်ကြောင်း။

ဆုရကျောင်းသား၊ ကျောင်းသူများကို မှာကြားလိုသည်မှာ ယခုကဲ့သို့ အောင်မြင်မှုများကို ဘဝတစ်လျှောက်လုံးဆက်လက်ထိန်းသိမ်းကြရန်၊ အသိပညာ၊ အတတ်ပညာနှင့်ဘဝကိုတည်ဆောက်ကြရန်၊ အမှားအမှန်၊ အဆိုးအကောင်းကို ခွဲခြားသိမြင်နိုင်စွမ်းနှင့် စွမ်းဆောင်ရည်မြင့်မားပြီး စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် နိုင်ငံ့သားကောင်းရတနာများ ဖြစ်အောင်ကြိုးစားကြရန်၊ အသက်ရှင်နေသမျှကာလပတ်လုံးကို စဉ်ဆက်မပြတ်လေ့လာသင်ယူပြီး ရင့်ကျက်ပြည့်ဝသူများဖြစ်အောင်ကြိုးစားကြရန်၊ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်းဖြင့်ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘာသာစုံဂုဏ်ထူးရှင်၊ သိပ္ပံဘာသာတွဲ တစ်နိုင်ငံလုံးအမှတ်အများဆုံး ကျောင်းသား၊ ကျောင်းသူ ၁၁ ဦးအား တစ်ဦးချင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးအား တစ်ဦးချင်းဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ကောင်စီတွဲဖက်အတွင်းရေးမှူးက ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦးကို တစ်ဦးချင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများက ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကိုယ်စား ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ကျောင်းသား၊ ကျောင်းသူများက “လူချွန်လူကောင်း” တေးသရုပ်ဖော်တင်ဆက်မှုဖြင့်လည်းကောင်း၊ “မြန်မာ့ကျောင်း”တေးသီချင်းကိုသီဆို၍လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် တစ်နိုင်ငံလုံးအမှတ်အများဆုံး ကျောင်းသား၊ ကျောင်းသူ ၃၁ ဦးနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွသုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

နေပြည်တော် ဇူလိုင် ၂၂

# အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၇၆)နှင့် အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ် (၇၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့တွင် အဆိုပါတက္ကသိုလ် ရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်သော်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် သူရဦးဘိုနီ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက သင်တန်းဖွင့်အမှာစကားပြောကြားရာတွင် အနာဂတ်နိုင်ငံတော်အတွက် လူငယ်ထုကို ထုဆစ်ပုံဖော်ဆောင်ပေးမည့် ဆရာ၊ ဆရာမများသည် နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှင်သန်ထက်မြက်၍ ဆင်ခြင်တုံတရားနှင့် စွမ်းဆောင်ရည်မြင့်မားရန်၊ စေတနာ၊ ဝါသနာ၊ အနစ်နာကိုအရင်းခံပြီး တာဝန်ကျေပွန်စွာ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား ၇၄ ဦး၊ သင်တန်းသူ ၃၁၅ ဦး စုစုပေါင်း ၃၈၉ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ်ကြာမြင့်မည်ဖြစ်သည်။

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌသည် ပတ္တမြားခန်းမ၌ ကျင်းပသည့် အုပ်ချုပ်မှုစွမ်းရည်မြင့်မားရေးသင်တန်းအမှတ်စဉ်(၈) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အဆိုပါသင်တန်းသို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သင်တန်းသား ၁၆၇ ဦး၊ သင်တန်းသူ ၅၆ ဦး စုစုပေါင်း ၂၂၃ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

ရန်ကုန် ဇူလိုင် ၂၂

# နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀၆) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ



နိုင်ငံ့ဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀၆) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါတက္ကသိုလ် ရတနာသိယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးရဲနိုင်၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)နှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဝင် ဦးရဲနိုင်က ဆရာ၊ ဆရာမများက ကျောင်းသားလူငယ်များကို အသိပညာ၊ အတတ်ပညာသင်ကြားပေးရုံသာမက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ကိန်းအောင်းရန်၊ အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးကို ခွဲခြားသိမြင်တတ်သည့် နိုင်ငံ့သားကောင်းရတနာများအဖြစ် အနာဂတ်နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်နိုင်အောင် ပြုစုပျိုးထောင်ပေးကြရန် တိုက်တွန်းမှာကြားသည်။

အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၁၀၆)သို့ သင်တန်းသား ၃၀၊ သင်တန်းသူ ၃၆၃ ဦး စုစုပေါင်း ၃၉၃ ဦးတက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တငါးပတ်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

ရန်ကုန် ဇူလိုင် ၂၂

# ဓာတ်အားခကြွေးကျန်ကျဆင်းရေးနှင့် တရားမဝင် ဓာတ်အားသုံးစွဲမှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာနှင့် ခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့ လိုက်ပါလျက် တောင်ဥက္ကလာပမြို့နယ် လျှပ်စစ်မန်နေဂျာရုံးသို့ သွားရောက်၍ ဓာတ်အားခကြွေးကျန်အခြေအနေများ၊ ဓာတ်အားခကြွေးကျန်ကျဆင်းရေး ဆောင်ရွက်ထားရှိမှု၊ ဓာတ်အားပျောက်ဆုံးမှုနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှုရှိ၊ မရှိတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် တောင်ဥက္ကလာပမြို့နယ်အတွင်း ဓာတ်အားခကြွေးကျန်ကျဆင်းရေး၊ တရားမဝင်ဓာတ်အားသုံးစွဲမှုမရှိစေရေးနှင့် ခရိုင်စုဖွဲ့ဝန်ထမ်းများ မြို့နယ်အတွင်း စစ်ဆေးဆောင်ရွက်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးကာ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းကျဆင်းရေးကို ကြပ်မတ်ဆောင်ရွက်၍ ကြွေးကျန်များကျဆင်းရေးနှင့် နိုင်ငံတော်ဘဏ္ဍာငွေများ လေလွင့်ဆုံးရှုံးမှုမဖြစ်စေရန် တာဝန်ရှိသူများအနေဖြင့် လုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်စစ်ဆေးကြပ်မတ်ဆောင်ရွက်သွားရန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**ဓာတ်ပုံ** – YESC

**သစ္စာ**(mna)



# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားခြင်းနှင့်ပတ်သက်၍ တုံ့ပြန်ဆောင်ရွက်ထားရှိမှုများအား သတင်းထုတ်ပြန်ခြင်း

(၂၂-၇-၂၀၂၄)၊ ည(၈း၀၀)နာရီ

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင် ဝမ်းပျက်ဝမ်းလျှောရောဂါလက္ခဏာများဖြင့် လူနာအချို့ဆေးရုံတက်ရောက်မှုများနှင့်ပတ်သက်၍ (၂၁-၇-၂၀၂၄) ရက်နေ့၊ ည ၆ နာရီမှ (၂၂-၇-၂၀၂၄)ရက်နေ့၊ ည ၆ နာရီအထိ (၂၄)နာရီအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံများတွင် သာမန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ (၅၈) ဦးနှင့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြင့် ဆေးရုံတက်ရောက်ကုသသူ(၂)ဦးဖြစ်ပါသည်။ လူနာအားလုံး၏အခြေအနေမှာ သက်သာကောင်းမွန်လျက်ရှိကြောင်းတွေ့ရှိရပါသည်။ (၂၂-၇-၂၀၂၄) ရက်နေ့တွင် ရောဂါသက်သာပျောက်ကင်းသည့်လူနာ (၆၈)ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပါသည်။ ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ကူးစက်ဖြစ်ပွားသူဦးရေမှာ သိသိသာသာလျော့နည်းလာပြီး ကျန်းမာရေးဝန်ကြီးဌာန၏ အနီးကပ်ကြီးကြပ်ပံ့ပိုးမှု၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်လမ်းညွှန်ပံ့ပိုးမှုဖြင့် ဗဟိုနှင့်ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့များ၊ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ နှီးနွယ်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူလူထုပူးပေါင်းပါဝင်၍ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆောင်ရွက်နိုင်မှုကြောင့် ရောဂါကူးစက်ပြန့်ပွားမှုအား ထိန်းချုပ်နေနိုင်ပြီဖြစ်ပါကြောင်းနှင့် ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# "ကံ၊ ဉာဏ်၊ ဝီရိယတို့ကိုပေါင်းစည်းပြီးတော့ တစိုက်မတ်မတ်နဲ့ကြိုးစားသွားမယ်ဆိုရင် အောင်မြင်မှုနဲ့ထိုက်တန်တဲ့အသီးအပွင့်တွေကို ရရှိမှာဖြစ်ပါတယ်"

**မနှင်းကြယ်စင်ထွန်း(ဘာသာစုံဂုဏ်ထူးရှင်၊ မြန်မာတစ်နိုင်ငံလုံး သိပ္ပံဘာသာတွဲ ဒုတိယအမှတ်အများဆုံးရရှိသူ)**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂၌ နိုင်ငံတော်အဆင့် ခမ်းနားထည်ဝါစွာ ကျင်းပပေးခဲ့ပြီး ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား ထိုက်တန်စွာ ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

ထို့ကြောင့် ဂုဏ်ပြုဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် နိုင်ငံတစ်ဝန်းလုံးမှ ထူးချွန်ကျောင်းသား၊ ကျောင်းသူများနှင့်တွေ့ဆုံ၍ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရရှိအောင် စာပေကြိုးစားလေ့လာဆည်းပူးခဲ့မှုနှင့် မိမိတို့ကြိုးစားခဲ့မှုရလဒ်အပေါ် နိုင်ငံတော်မှအသိအမှတ်ပြု၍ ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှောက်ပေးမှုအပေါ် ခံစားရသည့် ဝမ်းသာပီတိစကားသံများကို ရေးသားမျှဝေတင်ပြလိုက်ရပါသည်-



မောင်မင်းခန့်ဇိုလ်



မနှင်းကြယ်စင်ထွန်း



မောင်အောင်ကောင်းပြည့်



ဒေါ်သက်သက်သင်း



ဒေါ်သင်းနုနုစိန်



မမိုးမြင့်မြတ်သူ

**မောင်မင်းခန့်ဇိုလ် (ဘာသာစုံဂုဏ်ထူးရှင်၊ မြန်မာတစ်နိုင်ငံလုံး သိပ္ပံဘာသာတွဲ ပထမအမှတ်အများဆုံးရရှိသူ)**

ကျွန်တော် ဘာသာစုံဂုဏ်ထူးနဲ့ အမှတ်အများဆုံးဖြစ်အောင် သေသေချာချာ တစိုက်မတ်မတ်ကြိုးစားခဲ့ပါတယ်။ တစ်နေ့စာ တစ်နေ့ ပြီးအောင်လေ့လာကျက်မှတ်ပါတယ်။ အထပ်ထပ်အခါခါ လေ့ကျင့်ခန်းတွေပြန်လည်လေ့ကျင့်ပါတယ်။ ကျောင်းက ဆရာ၊ ဆရာမတွေရဲ့သင်ကြားမှု၊ မိဘတွေရဲ့အားပေးမှုတွေနဲ့ သေသေချာချာ ကြိုးစားခဲ့ပါတယ်။ အခုလို ဘာသာစုံထူးချွန်သူတွေကို နိုင်ငံတော်အဆင့် အခမ်းအနားနဲ့ ဂုဏ်ပြုချီးမြှင့်ပေးတဲ့အတွက် အတိုင်းမသိဝမ်းသာဂုဏ်ယူမိပါတယ်။ နိုင်ငံတော်အစိုးရနဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ရှိပါတယ်။ ကျွန်တော်က ဆေးတက္ကသိုလ်တက်ဖို့ ရည်ရွယ်ထားပါတယ်။ နိုင်ငံတော်က အားထားရတဲ့ ဆရာဝန်တစ်ယောက်အဖြစ် တာဝန်ထမ်းဆောင်ဖို့ စီစဉ်ထားပါတယ်။ ကိုယ်ကသာ ကြိုးစားအားထုတ်မှုရှိမယ်ဆိုရင် အောင်မြင်မှုဆိုတာက ကြိုးစားရင် ကြိုးစားသလောက်ရရှိနိုင်မှာဖြစ်ပါတယ်။ ကိုယ်ကြိုးစားခဲ့သမျှ အရာအားလုံးက နောင်တစ်ချိန်မှာ ထိုက်သင့်သလောက် အရာထင်ကျန်စေမှာဖြစ်ပါတယ်။ အဲဒါကြောင့် ညီလေး၊ ညီမလေးတွေကလည်း ဘာသာစုံဂုဏ်ထူးတွေနဲ့ နိုင်ငံတော်အတွက် အားကိုးရတဲ့သူတွေဖြစ်အောင် ကြိုးစားကြပါလို့ ပြောချင်ပါတယ်။

**မနှင်းကြယ်စင်ထွန်း (ဘာသာစုံဂုဏ်ထူးရှင်၊ မြန်မာတစ်နိုင်ငံလုံးသိပ္ပံဘာသာတွဲ ဒုတိယအမှတ်အများဆုံးရရှိသူ)**

၂၀၂၃-၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ သိပ္ပံဘာသာတွဲမှာ မြန်မာတစ်နိုင်ငံလုံး အနေနဲ့ ရမှတ်အများဆုံး ဒုတိယဆုရရှိထားတာဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး အထက(၁) ဒဂုံကျောင်းမှာပညာသင်ကြားခဲ့ပါတယ်။ ကျွန်မကြိုးစားပြီးရခဲ့တဲ့ရလဒ်ကို အသိအမှတ်ပြုဂုဏ်ပြုပွဲကို တက်ရောက်ရတဲ့အတွက် အတိုင်းမသိဂုဏ်ယူဝမ်းမြောက်မိပါတယ်။ KG+12 စနစ်သစ်ဖြစ်တဲ့အတွက် မေးခွန်းဟောင်းလည်း မရှိခဲ့တဲ့အတွက် သေသေချာချာလေ့လာမှတ်သား ကြိုးစားခဲ့ရပါတယ်။ နားမလည်တဲ့သင်ခန်းစာတွေဆိုရင်လည်း ဆရာ၊ ဆရာမတွေကို မေးမြန်းပြီး လေ့ကျင့်ပါတယ်။ တစ်နေ့စာ တစ်နေ့ကိုလည်း ပြတ်အောင်လေ့ကျင့်ပါတယ်။ ကျန်းမာရေးကိုလည်း အထူးဂရုစိုက်ပြီး လေ့ကျင့်ခဲ့တဲ့အတွက် အခုလို ထူးချွန်ခဲ့တာဖြစ်ပါတယ်။ သမီးရဲ့ ရည်မှန်းချက်ကတော့ ဆရာဝန်ကောင်းတစ်ယောက်ဖြစ်ချင်ပါတယ်။ နိုင်ငံတော်နဲ့ပြည်သူပြည်သားတွေရဲ့ ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်ပေးနိုင်တဲ့ ထူးချွန်တဲ့ ဆရာဝန်ကောင်းတစ်ယောက်ဖြစ်အောင်ကြိုးစားသွားမယ်လို့ ရည်မှန်းထားပါတယ်။ မောင်လေး၊ ညီမလေးတို့ကို ပြောချင်တာကတော့ စနစ်သစ်ဖြစ်တဲ့အတွက် အထူးဂရုစိုက်ရမယ်လို့ ပြောချင်ပါတယ်။ ကံ၊ ဉာဏ်၊ ဝီရိယတို့ကို ပေါင်းစည်းပြီးတော့ တစိုက်မတ်မတ်နဲ့ ကြိုးစားသွားမယ်ဆိုရင် ကိုယ့်ရဲ့အောင်မြင်မှုနဲ့ထိုက်တန်တဲ့ အသီးအပွင့်အောင်မြင်မှုတွေကို ရရှိမှာဖြစ်ပါတယ်လို့ပြောချင်ပါတယ်။

**မောင်အောင်ကောင်းပြည့် (ဘာသာစုံဂုဏ်ထူးရှင်)**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဘာသာစုံဂုဏ်ထူး ထွက်ရှိဖို့အတွက် ဘာသာစုံအလိုက် လေ့လာကျက်မှတ်ရပါတယ်။ စာသင်နှစ်အစကတည်းက တစိုက်မတ်မတ်နဲ့ လေ့ကျင့်သင်ယူရပါတယ်။ လူရည်ချွန်စာမေးပွဲနဲ့ တက္ကသိုလ်ဝင်စာမေးပွဲပါဖြေဆိုတဲ့အတွက် နှစ်ဖက်စလုံးကို မလစ်ဟင်းရအောင် တော်တော်လေးကြိုးစားခဲ့ရပါတယ်။ အခုလို ဘာသာစုံဂုဏ်ထူးရှင်တွေကို နိုင်ငံတော်အဆင့်အခမ်းအနားနဲ့ ဂုဏ်ပြုချီးမြှင့်ပေးတဲ့အတွက် နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ ဘာသာစုံဂုဏ်ထူးထွက်အောင် ကြိုးစားခဲ့ရတာကို အသိအမှတ်ပြုပေးတဲ့အတွက် အလွန်ဝမ်းသာဂုဏ်ယူ ဖြစ်ရပါတယ်။ ခြောက်ဘာသာဂုဏ်ထူးရှင် လူရည်ချွန်တစ်ယောက်အနေနဲ့ အနာဂတ် နိုင်ငံတော်အတွက် အားကိုးအားထားရတဲ့ ဆရာဝန်တစ်ယောက်ဖြစ်အောင် ကြိုးစားသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ တာဝန်တွေကို တစ်ထောင့်တစ်နေရာကနေ ပါဝင်သယ်ပိုးနိုင်တဲ့နိုင်ငံ့သားကောင်းတစ်ယောက်ဖြစ်အောင်ကြိုးစားသွားမှာဖြစ်ပါတယ်။ ညီလေး၊ ညီမလေးတွေအနေနဲ့လည်း ကြိုးစားကြပါ၊ ကြိုးစားမှုနဲ့ ထိုက်တန်တဲ့ဂုဏ်ပြုပွဲတွေကိုလည်း နိုင်ငံတော်က ကျင်းပပေးနေတဲ့အတွက် နိုင်ငံတော်အတွက် အားကိုးအားထားရတဲ့လူငယ်တွေဖြစ်အောင် ဇွဲ၊ လုံ့လ၊ ဝီရိယထားကြပါလို့ပြောချင်ပါတယ်။

**ဒေါ်သက်သက်သင်း (ကျောင်းအုပ်ဆရာမကြီး၊ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း)**

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဘာသာစုံဂုဏ်ထူးနဲ့ ထူးချွန်စွာ အောင်မြင်ခဲ့တဲ့ ကျောင်းသား၊ ကျောင်းသူ ၅၀၇ ဦးရှိပါတယ်။ ယခင်နှစ်တုန်းကလည်း ဘာသာစုံဂုဏ်ထူးရရှိတဲ့ ကျောင်းသား၊ ကျောင်းသူတွေရှိပါတယ်။ ဒီတစ်ခါမှာတော့ ခြောက်ဘာသာဂုဏ်ထူးရှင်တွေ အမြောက်အမြားထွက်ရှိတဲ့အတွက် ကျောင်းသားတွေရဲ့ ထူးချွန်မှုကို အင်မတန်ဝမ်းသာဂုဏ်ယူပါတယ်။ ခြောက်ဘာသာဂုဏ်ထူးရှင်တွေ အကုန်လုံးကို စုစုစည်းစည်းနဲ့ တစ်နေရာတည်းမှာ နိုင်ငံတော်အဆင့် ခမ်းခမ်းနားနား စည်ကားသိုက်မြိုက်စွာ ဆုချီးမြှင့်တဲ့အတွက် ကျောင်းသား၊ ကျောင်းသူအားလုံးကလည်း အားကျစိတ်၊ ဂုဏ်ယူစိတ်၊ အတုယူစိတ်၊ ကြိုးစားချင်စိတ်တွေ ဖြစ်လာမယ်လို့ ထင်ပါတယ်။ နိုင်ငံတော်ကလည်း ဂုဏ်ပြုထိုက်သူကို ဂုဏ်ပြုပေးတယ်။ ကျောင်းသား၊ ကျောင်းသူတွေကလည်း ဘာသာစုံဂုဏ်ထူးရမှချီးမြှင့်ခံရတာဖြစ်တဲ့အတွက် ခြောက်ဘာသာလုံးကို ကြိုးစားလာကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ဒေါ်သင်းနုနုစိန် (ညွှန်ကြားရေးမှူး၊ အခြေခံပညာဦးစီးဌာန)**

ဒီနေ့အခမ်းအနားက တစ်နိုင်ငံလုံးမှာ ဘာသာစုံဂုဏ်ထူးရရှိတဲ့ ကျောင်းသား၊ ကျောင်းသူတွေကို နိုင်ငံတော်အဆင့်ဂုဏ်ပြုဆုချီးမြှင့်ပေးတာဖြစ်ပါတယ်။ ကျောင်းသား၊ ကျောင်းသူတွေကို ဒီလိုဂုဏ်ပြုဆုချီးမြှင့်တဲ့အခမ်းအနားကို ကျင်းပပေးတဲ့အတွက် ပညာကိုဆက်လက်သင်ယူလိုစိတ်၊ ကြိုးစားအားထုတ်လိုစိတ် ပိုမိုဖြစ်ထွန်းလာစေပြီး နိုင်ငံ့သားကောင်းတွေဖြစ်ပေါ်လာဖို့အတွက် ရည်ရွယ်ပြီးကျင်းပခြင်းဖြစ်ပါတယ်။ ဒီလို အခမ်းအနားနဲ့ဘာသာစုံဂုဏ်ထူးရှင်တွေကို ဆုချီးမြှင့်တဲ့အတွက် တခြားကျောင်းသား၊ ကျောင်းသူတွေကလည်း လေးစားအားကျပြီး ပိုကြိုးစားချင်စိတ်တွေ ဖြစ်ပေါ်လာစေဖို့ အတွက်ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးအနေနဲ့ ဘာသာစုံဂုဏ်ထူးရှင်တွေက ၅၀၇ ဦးရှိပြီး အကြောင်းအမျိုးမျိုးကြောင့် မတက်ရောက်နိုင်သူတွေရှိတဲ့အတွက် ၄၇၇ ဦးတက်ရောက်မှာဖြစ်ပါတယ်။ ဒီလို နိုင်ငံတော်အဆင့် အခမ်းအနားနဲ့ ဆုချီးမြှင့်လိုက်တဲ့အတွက် ကျောင်းသား၊ ကျောင်းသူတွေအားလုံး အထောက်အပံ့တွေ အများကြီးရရှိစေပါတယ်။ ကျောင်းသား၊ ကျောင်းသူအားလုံးက မူလတန်းကတည်းက အထက်တန်းအထိ တစိုက်မတ်မတ်နဲ့ ဇွဲ၊ လုံ့လ၊ ဝီရိယတွေနဲ့ ရည်ရွယ်ချက်ရှိရှိ ကြိုးစားအားထုတ်လာတဲ့ကလေးတွေဖြစ်ပါတယ်။ ဒီလိုအခမ်းအနားကြီးတစ်ခုနဲ့ ဂုဏ်ပြုချီးမြှင့်ပေးတဲ့အတွက် စိတ်ခွန်အားတွေဖြစ်ပြီး ပိုပြီးကြိုးစားချင်စိတ်တွေ ဖြစ်ပေါ်လာမှာဖြစ်ပါတယ်။ နိုင်ငံတော်မှာ ဒီလိုထူးချွန်ထက်မြက်တဲ့ လူငယ်တွေ ပေါ်ထွန်းလာပြီဆိုရင် နိုင်ငံဖွံ့ဖြိုးတိုးတက်တဲ့ လုပ်ငန်းတွေမှာ ပိုပြီး အထောက်အကူပြုစေမှာဖြစ်ပါတယ်။

**မမိုးမြင့်မြတ်သူ(ကချင်ပြည်နယ်)**

ကျွန်မကတော့ ဗန်းမော်မြို့ စံကိုယ်ပိုင်ကျောင်းကနေ Grade-12 ကို အောင်မြင်ခဲ့တာဖြစ်ပါတယ်။ အမှတ်ပေါင်း၅၄၄ မှတ်နဲ့ ကချင်ပြည်နယ်မှာ ပထမဆုကိုဆွတ်ခူးရရှိခဲ့ပါတယ်။ ဒီလိုမျိုးရရှိဖို့ စာသင်နှစ်အစကတည်းက သေချာလေးကြိုးစားအားထုတ်ခဲ့ရပါတယ်။ Grade-12 က ကျွန်မတို့နှစ်မှာ ပထမဦးဆုံးနှစ်ဖြစ်ပါတယ်။ ကျွန်မတို့မှာ လေ့ကျင့်စရာမေးခွန်းဟောင်းတွေလည်း မရှိခဲ့ပါဘူး။ ကျွန်မအတွက်စိန်ခေါ်မှုတစ်ရပ်လည်းဖြစ်ခဲ့ပါတယ်။ လာမယ့်နှစ် Grade-12 ကိုဖြေဆိုမယ့်မောင်လေး၊ ညီမလေးတွေကို အားပေးစကားပြောရမယ်ဆိုရင် အမြဲတမ်းကိုယ့်ကိုယ်ကိုယ်လုပ်နိုင်တယ်ဆိုပြီး ယုံကြည်ချက်ထားပါ။ သင်ရိုးကို ကျေညက်နေမှ မေးခွန်းများကို ဖြေဆိုနိုင်မှာဖြစ်ပါတယ်။ အခုလို နိုင်ငံတော်အဆင့်ပွဲမျိုးကို ကျင်းပပေးခြင်းက ကျောင်းသား၊ ကျောင်းသူတွေရဲ့ ကြိုးစားမှုကို အသိအမှတ်ပြုတာကအလွန်ဂုဏ်ယူဖွယ်ကောင်းပါတယ်။ ကျွန်မရဲ့ ရည်မှန်းချက်က ခွဲစိတ်အထူးကုဆရာဝန်ဖြစ်ချင်ပါတယ်။ ငယ်ရွယ်တဲ့အချိန်မှာတစ်ပါးသူရဲ့သွေးထိုးလှုံ့ဆော်မှုကြောင့်ပဲဖြစ်ဖြစ်၊ ကိုယ့်ရဲ့စိတ်ကြောင့်ပဲဖြစ်ဖြစ် လမ်းမှားကို ဆက်လျှောက်နေရင်ကိုယ့်ရဲ့ပညာရေးကိုလည်းထိခိုက်စေပါတယ်။ လမ်းမှားလျှောက်နေရင် ကိုယ့်ရဲ့အနာဂတ်ကိုလည်းဆိုးရွားသွားနိုင်ပါတယ်။ မိဘတွေကလည်း ကိုယ့်သားသမီးကို ဘယ်လမ်းကြောင်းမဆို ထူးချွန်တဲ့သူတွေအဖြစ် မြင်စေချင်တာဖြစ်ပါတယ်။ ဒါကြောင့် လမ်းမှားရောက်နေရင် ကိုယ့်ကိုယ်ကိုယ်အတွက်မကြည့်ဘဲ မိသားစုအတွက်ပဲဖြစ်ဖြစ်၊ ကိုယ့်အတွက်ပဲဖြစ်ဖြစ် လမ်းမှန်ပေါ် လျှောက်ကြပါလို့ ပြောချင်ပါတယ်။ ။

**တွေ့ဆုံမေးမြန်း–အောင်ရဲသွင်၊ အေးအေးသန့်၊ လင်းကြည်လင်း**

☆ စာမျက်နှာ ၁၆ မှအဆက်

ရွှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ထဲတွင် လူမှုရေးဦးတည်ချက်တစ်ရပ်အဖြစ် **"တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး"**ကို ထည့်သွင်းချမှတ်ပြီး နိုင်ငံသားတိုင်း ပညာသင်ယူမှုအခွင့်အလမ်းများ သာတူညီမျှရရှိစေရန် ပညာရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

**"ပညာရေးဖြင့် နိုင်ငံတော်တိုးတက်ရေး"**ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဦးလည်မသုန် ထမ်းဆောင်ကြသည့်အတွက် တာဝန်ရှိသူများ၊ ပူးပေါင်းပါဝင်ဆောင်ရွက်ကြသူများအားလုံးကို အသိအမှတ်ပြုကြောင်းကို ပြောကြားလိုကြောင်း။

ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အစိုးရကဦးဆောင်ရမည် မှန်ပေသော်လည်း ပြည်သူလူထုတစ်ရပ်လုံး၏ **"စုပေါင်းအား"** ဖြင့်ဆောင်ရွက်မှသာ ဖွံ့ဖြိုးတိုးတက်မှုသည် ရေရှည်အားကောင်းမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံခန့်ဖြစ်သည့် ကျောင်းသားလူငယ်များ၏အင်အားကို ပိုမိုအားထားရမည်ဖြစ်ကြောင်း။

ယခင်နှစ်များက ယခုကဲ့သို့ ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ဦးစီးဌာနအဆင့်ထိသာ ဆုချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် တစ်နိုင်ငံလုံး ဘာသာစုံဂုဏ်ထူးရရှိသူအားလုံးကို **"နိုင်ငံတော်အဆင့်" "ပထမအကြိမ်"** ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ ယနေ့တွင် ဘာသာစုံဂုဏ်ထူးရှင် (၅၀၇) ဦးကို ရွှေစင်ငါးမူးသား ဒင်္ဂါးပြားများနှင့် ထိုက်ထိုက်တန်တန် ဂုဏ်ပြုချီးမြှင့်ပေးမည်ဖြစ်ကြောင်း။

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၂ ခုနှစ်တွင် ဘာသာတွဲအလိုက် ရမှတ်အများဆုံးရရှိခဲ့သည့် ကျောင်းသားများကို ဒေသန္တရဗဟုသုတများရရှိရန်၊ မိမိနိုင်ငံနှင့်လူမျိုးကို ချစ်မြတ်နိုး တန်ဖိုးထားတတ်စေရန် ပြည်တွင်းလေ့လာရေး ခရီးစဉ်သာမက နိုင်ငံတကာအတွေ့အကြုံများရရှိစေရန် ပြည်ပလေ့လာရေးခရီးစဉ်များကိုပါစေလွှတ်ခဲ့ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် မျိုးဆက်သစ်လူငယ်များကို စိတ်ခွန်အားများရရှိပြီး ပညာကိုအစဉ်တစိုက်ကြိုးစားလိုစိတ်များပိုမိုပေါ်ထွက်လာအောင် ဂုဏ်ပြုချီးမြှောက်ခြင်းဖြစ်ကြောင်း။

ယခုနှစ်တွင်လည်း တက္ကသိုလ်ဝင်စာမေးပွဲ ဘာသာတွဲအလိုက် ရမှတ်အများဆုံးရရှိသူ ကျောင်းသား၊ ကျောင်းသူ(၃၀)ကို ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးသွားရောက်နိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း။

ယနေ့ဆုချီးမြှင့်ပွဲအခမ်းအနားကို တက်ရောက်လာသည့် ကျောင်းသား၊ ကျောင်းသူများသည် အခြေခံပညာကို ပြီးဆုံးပြီဖြစ်သဖြင့် အဆင့်မြင့်ပညာကို သင်ယူရတော့မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ သင်ယူသည့်အခါတွင် မိမိတို့စိတ်ဝင်စားသည့် ပညာရပ်များ၊ ဝါသနာပါသည့် အသက်မွေးဝမ်းကျောင်းဘာသာရပ်များကို မှန်မှန်ကန်ကန်ရွေးချယ်တက်ရောက်ကြစေလိုကြောင်း၊ စာသင်ခန်းကရသည့်ပညာသည် သညာသိဖြစ်ပြီး သညာသိလောက်ဖြင့် ဘဝတွင် မလုံလောက်နိုင်သည့်အတွက် တော်နေရုံမျှနှင့်မပြီးစေဘဲ စာမျက်နှာ ၁၁ သို့ ☆



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦး ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်စဉ်။

# နိုင်ငံသားတိုင်းပညာသင်ယူမှုအခွင့်အလမ်းများ သာတူညီမျှရရှိစေရန် ပညာရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ကြိုးပမ်းဆောင်ရွက်လျက်ရှိ






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၀၂၄ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အခမ်းအနားတက်ရောက်လာကြသူများက ကျောင်းသား၊ ကျောင်းသူများ၏ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘာသာစုံဂုဏ်ထူးရှင်၊ သိပ္ပံဘာသာတွဲ တစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိသူ ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘာသာစုံဂုဏ်ထူးရှင်၊ သိပ္ပံဘာသာတွဲ တစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိသူ ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘာသာစုံဂုဏ်ထူးရှင်၊ သိပ္ပံဘာသာတွဲ တစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိသူ ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

☆ ရှေ့ဖုံးမှအဆက်

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဘာသာစုံဂုဏ်ထူးရ ကျောင်းသား၊ ကျောင်းသူများ၊ မိဘများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူများက "ဂုဏ်ထူးရှင်တို့ ဂုဏ်ပြုစို့" တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် **"ပညာ"** ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် **"အသိဉာဏ်"** ရရှိစေကြောင်း၊ နိုင်ငံသားတိုင်း **"အသိဉာဏ်ပညာ"** ပြည့်စုံမှသာ နိုင်ငံ့အကျိုးသယ်ပိုးနိုင်သည့် **"စစ်မှန်သည့်အင်အား"** တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်ကြောင်း။

စစ်မှန်စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရာတွင် အသိပညာ၊ အတတ်ပညာ၊ ပင်ကိုအရည်အသွေး၊ စွမ်းရည်များနှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးနိုင်သည့် ဘက်စုံပညာကဏ္ဍကိုမြှင့်တင်နိုင်ရန် အဓိကထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အစိုးရအနေဖြင့် **စာမျက်နှာ ၁၅ သို့** ☆

❖ **"ပညာ"** ဆိုသည်မှာ အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးကို ဝေဖန်ပိုင်းခြားနိုင်သည့် **"အသိဉာဏ်"** ရရှိစေ၊ နိုင်ငံသားတိုင်း **"အသိဉာဏ်ပညာ"** ပြည့်စုံမှသာ နိုင်ငံ့အကျိုးသယ်ပိုးနိုင်သည့် **"စစ်မှန်သည့်အင်အား"** တစ်ရပ်ကို ထူထောင်နိုင်မည်ဖြစ်...

❖ ယခင်နှစ်များက ယခုကဲ့သို့ ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များနှင့် ဦးစီးဌာနအဆင့်ထိသာ ဆုချီးမြှင့်ခဲ့ပြီး ယခုနှစ်တွင် တစ်နိုင်ငံလုံး ဘာသာစုံဂုဏ်ထူးရရှိသူအားလုံးကို **"နိုင်ငံတော်အဆင့်"** **"ပထမအကြိမ်"** ဂုဏ်ပြုချီးမြှင့်ခြင်းဖြစ်၊ ယနေ့တွင် ဘာသာစုံဂုဏ်ထူးရှင်(၅၀၇)ဦးကို ရွှေစင်ငါးမူးသားဒင်္ဂါးပြားများနှင့် ထိုက်ထိုက်တန်တန်ဂုဏ်ပြုချီးမြှင့်ပေးမည်ဖြစ်...

❖ လူငယ်အားလုံးအနေဖြင့် **"အတ္တနှင့်ပရ"** မျှတအောင် ပြုမူကျင့်ကြံနေထိုင်ကြရန်၊ မိမိကိုယ်ကို ကောင်းအောင်ကြိုးစားပြီး ပြည်သူ့အကျိုးပြု၊ တိုင်းပြည်အကျိုးပြုလုပ်ငန်းများတွင် တစ်တပ်တစ်အားပါဝင်လိုသည့် စိတ်ကောင်းစေတနာရှိရန်လိုအပ်...

❖ လူငယ်များအနေဖြင့် ဘဝတွင် အောင်မြင်တိုးတက်ရန်အတွက် စည်းကမ်းရှိရန်၊ ဥပဒေများကိုလေးစားလိုက်နာတတ်ရန်လည်းလို၊ နိုင်ငံတော်ကချမှတ်ထားသည့် စည်းကမ်းများ၊ ဥပဒေများကို လေးစားလိုက်နာမှသာ အပြစ်အနာအဆာကင်းပြီး တန်ဖိုးရှိသည့်နိုင်ငံ့သားကောင်းများအဖြစ် နိုင်ငံကို အကျိုးပြုနိုင်မည်ဖြစ်...



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘာသာစုံဂုဏ်ထူးရှင်၊ သိပ္ပံဘာသာတွဲ တစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိသူ ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဘာသာစုံဂုဏ်ထူးရှင်၊ သိပ္ပံဘာသာတွဲ တစ်နိုင်ငံလုံးအမှတ်အများဆုံးရရှိသူ ကျောင်းသူတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဘာသာစုံဂုဏ်ထူးရှင် ကျောင်းသားတစ်ဦးအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။

# MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

NAY PYI TAW July 22

# Ceremony to honour students who passed 2024 matriculation examination with distinction in all subjects held

## Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends ceremony and presents honourary awards



Senior General Min Aung Hlaing addresses the ceremony to honour students who passed 2024 matriculation exam with distinction in all subjects.



Senior General Min Aung Hlaing presents prize to a student who scored highest marks in science combination.



Senior General Min Aung Hlaing presents prize to a student who scored highest marks in science combination.



Senior General Min Aung Hlaing presents prize to a student who scored highest marks in science combination.



Senior General Min Aung Hlaing presents prize to a student who scored highest marks in science combination.

Ceremony to honour students who passed the 2024 matriculation examination with distinction in all subjects was held at MICC-2 here this morning. Chairman of the State Administration Council Prime Minister Senior General Min Aung Hlaing attended the ceremony and presented honourary awards to them.

Also present at the ceremony together with the Senior General were SAC Vice Chairman Deputy Prime Minister Vice-Senior General Soe Win, the SAC Joint Secretary, SAC members, union-level officials, union ministers, the Nay Pyi Taw Council chair, senior military officers from the Office of the Commander-in-Chief, the Nay Pyi Taw Command commander, deputy ministers, rectors, principals, parents and officials.

First, students staged a song "Let's honour the distinction winners". The Senior General and attendees enjoyed it.

In his address, the Senior General said **knowledge** provides **wisdom** that can differentiate between the good and the bad and understand the cause and effect. The nation can establish **a true force** that

See Page - 21

■■ From Page - 21

**education** – are recognized.

It is true that the government must be the vanguard of the Union's multiple and equal development, but the **collective force of the entire people** will ensure its long-term development. Here greater attention must be on the strength of the students that represent one third of the country's population.

During the previous years, outstanding students could be awarded only at the region/state level and department level. This year's ceremony is **the first** to honour them at **the State level.** Every one of the 507 all-subject distinction winners would be duly honoured with 50 kyattha gold coins today.

SAC arranged a domestic trip for students who scored highest marks in the subject-wise categories in 2022 with the aim of providing them with regional knowledge and the spirit to love and value their country and race and also a foreign trip to gain international knowledge. The program provides the new generation youths with mental strength and greater academic enthusiasm.

Arrangements are underway to send 30 students who scored highest marks in subject-wise categories in the matriculation examination abroad for a study trip this year.

The students at the ceremony will have to begin their higher education studies as they have completed their basic education. They must wisely choose the academic subject and the branch of vocational education they are truly interested in. The classroom can only give knowledge of perception. Students must not be satisfied with this level. They must continue their studies through hard work to become valued human resources and experts who have great wisdom.

In line with the motto **"The strength of the nation lies within"**, undertaking the development tasks of the country require intellectuals and intelligentsia in arts and science world. Hence, youths have to emphasize studying both arts and science subjects.

Myanmar is preserving traditional cultural heritages. All citizens are responsible for safeguarding nationality, language, religion and education as the national cause.

All youths including prize winners need to exercise **selfishness in harmony with charity.** They have to improve themselves and culture the spirit of carrying out public welfare and nation-building endeavours as much as they can.

Students need to harmonize knowledge and technology in implementing their missions and visions. In accord with a saying that **knowledge can be found in literature**, they have to read. They must review all incidents and events in their environment with correct attitudes and avoid wrong doings.

Currently, they need to notice that digital technology can create everything. As such, they need to constantly study digital technology. If so, Myanmar will have the capacity to keep abreast of other global countries.

Youths need to follow prescribed disciplines and laws to achieve success in their lives. Only when they abide by disciplines and laws adopted by the government will become valuable citizens without sins for serving the nation.

In giving guidance to the prize-winning students, the Senior General urged them to sustain success along their lives, build their lives with knowledge and technology, try hard to uplift their capability to analyze true and false as well as goodness and badness following the prescribed disciplines and forging the spirit so as to be matured, and participate in development undertakings of the State by safeguarding the nation.



Vice-Senior General Soe Win presents prize to a student who passed the exam with distinction in all subjects.



An all-distinction winner receives a prize.



An all-distinction winner receives a prize.



An all-distinction winner receives a prize.



An all-distinction winner receives a prize.

The Senior General presented individual prizes to 11 students who scored the highest marks in science combination with flying colour.

The Vice-Senior General gave prizes to 10 all-distinction winning students.

The Joint Secretary presented individual prizes to 10 all-distinction winners whereas SAC members, union ministers, the Nay Pyi Taw Council Chairman, union-level dignitaries and senior military officers from the Office of the Commander-in-Chief handed prizes to all-distinction winner students respectively.



An all-distinction winner receives a prize.

A female student, on behalf of the outstanding students with all distinctions in the 2024 matriculation examination, spoke words of thanks.

Students performed performance with the song with title of "Outstanding youth" and "Myanmar's school". The Senior General and attendees enjoyed their entertainments.

After the ceremony, the Senior General and party posed for documentary photos together with 31 students with the highest marks across the nation, and the Senior General cordially greeted all attendees.

The Senior General and party had a lunch in honour of the outstanding students who passed the matriculation exam 2024 with flying colour.

100

NAY PYI TAW July 22

# Pro Tem Presidential duties transferred to State Administration Council Chairman

It has already announced that Pro Tem President U Myint Swe is on medical leave and receiving medical treatment. In such situation, in order to carry out the National Defence and Security Council's affairs, the Pro Tem President Office sent a letter to State Administration Council Office saying that the responsibilities of Pro Tem President will be handed over to the State Administration Council Chairman while Pro Tem President U Myint Swe cannot serve the council's duties as he is on medical leave. Then, the duties of Pro Tem President for National Defence and Security Council's affairs were transferred to the State Administration Council Chairman through signing event at 11:30 on 22 July 2024.

**100**

PHILIPPINES

# Philippines, China agree on principles for de-escalation in South China Sea - Ministry

The Philippines and China have agreed on principles for de-escalation in the South China Sea for deliveries of personnel and cargo to a grounded Philippine warship on disputed Ayungin Shoal, the Philippine Foreign Ministry said.



Philippines, China agree on principles for de-escalation in south China Sea.

"The Philippines and the People's Republic of China have reached an understanding of principles and approaches that will be observed by both sides in order to avoid misunderstanding and miscalculation in the conduct of the Philippines' lawful and routine rotation and resupply missions to the BRP Sierra Madre in Ayungin Shoal," the ministry said in a statement on Sunday.

The current agreement was reached after a series of consultations following constructive discussions between the two states during the 9th Bilateral Consultation Mechanism on the South China Sea in Manila on July 2, 2024, the ministry added.

Manila will continue to defend its rights and jurisdiction, including over Ayungin Shoal, in accordance with the UN Convention on the Law of the Sea, the statement read.

Ayungin Shoal, also known as Second Thomas Shoal, is a disputed reef claimed by the Philippines, China, Brunei, Malaysia and Vietnam. The Philippine navy deploys a small Marine contingent on the US-built Philippine navy ship Sierra Madre, which was deliberately run aground in 1999 in response to China's territorial claims.

**Sputnik**

IRAN

# Iran hosts joint naval drill in Caspian Sea

A joint naval drill kicked off on Monday in the Caspian Sea to ensure shipping security and safety in the region, Iran's official news agency IRNA reported.

The exercise, codenamed 2024 Hybrid Maritime Search, Rescue and Security, was being staged off the Iranian port city of Bandar-e Anzali and involved the Iranian Navy's maritime and aerial forces as well as Russia's SB 45 vessel. Representatives from the Caspian Sea littoral states, including Azerbaijan, also supervised the exercise.

Hassani listed the Iranian missile cruisers taking part in the exercise as Peykan (Arrow), Joshan (Armor), Derafsh (Flag) and Separ (Shield), adding the drill also involved two AB 212 helicopters of the Iranian Navy.

He stressed that the drill was aimed at promoting interaction and cooperation between the maritime apparatuses of Iran and other countries bordering the Caspian Sea, namely Turkmenistan, Kazakhstan, Russia and Azerbaijan, adding that the littoral states do not tolerate the presence of non-regional countries in the region.

He added that the drill would be staged over four days and involve two main phases. The coastal phase will include developing designs, ensuring coordination, and providing relevant training. The tactical phase will involve operations to contain fires, rescue shipwrecked and injured crew members, and conduct aerial photography.

**Xinhua**

UNITED STATES

# Biden will 'stand down,' not run for reelection

Current US President Joe Biden said on Sunday that he will not fight for reelection to a second term from the Democratic Party, but intends to serve out his current term to the end.

"I believe it is in the best interest of my party and the country for me to stand down and focus solely on fulfilling my duties as President for the remainder of my term," Biden wrote in an official letter posted on his social media accounts.

Biden later endorsed Vice President Kamala Harris as the Democratic Party's nominee for US president.

"Today I want to offer my full support and endorsement for Kamala to be the nominee of our party this year," Biden said on X.

Later in the day, Harris announced that she planned to "earn and win" the nomination from the Democratic party.

"I am honored to have the President's endorsement and my intention is to earn and win this nomination," Harris said in a statement.Harris has apparently alerted the Federal Election Commission that she plans to run.

"Vice President Harris is now a candidate for United States President in the 2024 election and will henceforth be conducting campaign activities only in pursuit of that office," the document, published on the election commission's website, read.

**Sputnik**

RUSSIA

# Air defence destroys 75 drones over various Russian Regions - Defence Ministry

The Russian air defence systems destroyed 47 Ukrainian drones over the Rostov Region, one each over the Belgorod, Voronezh and Smolensk Regions, eight over Kuban and 17 over the Black and Azov Seas, the Russian Defence Ministry said on Monday.

"During the past night, the Kiev regime attempted to carry out a terrorist attack using unmanned aerial vehicles against targets on the territory of the Russian Federation, air defence systems intercepted and destroyed 47 UAVs over the Rostov Region," the ministry said.

It was added that "one over the Belgorod Region, one over the Voronezh Region, one over the Smolensk Region and eight over the Krasnodar Region, as well as 17 drones over the waters of the Black and Azov Seas."

**Sputnik**





Senior General Min Aung Hlaing enjoys performance.

■■ **From Page - 18**

can serve the country's interest only if **the intelligence level** of all the citizens is high.

The work of upgrading of a comprehensive education sector that can generate human resources imbued with academic and technological knowledge, intrinsic qualities and ability must be prioritized in building a Union based on genuine and disciplined democracy and federalism. In this regard, the government adopted a social objective -- **To implement a multi-education system that addresses all segments of society, nurturing intellectual and intelligent capacities among the entire population and producing a significant pool of skilled technicians crucial for the manufacturing sector** -- in its five-point roadmap and nine objectives, and is carrying out the education undertakings that ensure equal educational opportunities for every citizen with full force.

All the officials and participants who dutifully and resolutely serve the national duty -- **develop the country through**

**See Page - 19** ■■



Senior General Min Aung Hlaing presents prize to a student who scored highest marks in science combination.



Vice-Senior General Soe Win presents prize to a student who passed the exam with distinction in all subjects.



Vice-Senior General Soe Win presents prize to a student who passed the exam with distinction in all subjects.



Vice-Senior General Soe Win presents prize to a student who passed the exam with distinction in all subjects.



Vice-Senior General Soe Win presents prize to a student who passed the exam with distinction in all subjects.

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# ရင်မှာလန်းဆန်းအပြုံးပန်းတို့နဲ့အတူ အောင်ပန်းကိုပြု အောင်ဆုယူကြပြီ



ဘုန်းမောင်ဝင်း(ဖျာပုံ)

နိုင်ငံတစ်နိုင်ငံ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကိုဖော်ဆောင်ရာမှာ လူသားအရင်းအမြစ်သည် အဓိကဖြစ်ပါတယ်။ လူသားအရင်းအမြစ်ဖွံ့ဖြိုးဖို့ဆိုရင် ပညာကို အဓိကတည်ဆောက်ကြရမှာဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါ်များလာစေရေးကိုဦးတည်ပြီး ပညာရေးရင်းနှီးမြှုပ်နှံမှုကို အလေးထားလျက် ပညာရေးကဏ္ဍ အရှိန်အဟုန်ဖြင့် တိုးတက်စေဖို့ အားပေးကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀)နှစ်ရှည်စီမံကိန်းဖြင့်အကောင်အထည်ဖော်ခဲ့ပြီး ယခုအမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း(၂၀၂၁-၂၀၃၀) ကို ရေးဆွဲအကောင်အထည်ဖော်လျက်ရှိပါတယ်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်းဟာ ပညာရေးဆိုင်ရာလိုအပ်ချက်များနဲ့ကျောင်းသားများရဲ့အလုပ်အကိုင်ရည်မှန်းချက်တွေကို ဖြည့်ဆည်းပေးနိုင်ဖို့ အမျိုးသားပညာရေးစနစ်ရဲ့ပြုပြင်ပြောင်းလဲမှုတစ်ရပ်ဖြစ်ပါတယ်။ အမျိုးသားပညာရေးစနစ်ရဲ့ အဆင့်အသီးသီးမှာ သင်ယူမှုအခွင့်အလမ်းတွေပိုမိုရရှိခြင်းနဲ့အတူ ပညာအရည်အသွေးတိုးတက်လာခြင်းဆိုတဲ့ကြီးမားတဲ့အောင်မြင်မှုတွေရရှိနေဖို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာအရ ငါးနှစ်အထက်လူဦးရေ ၄၆ ဒသမ ၄၆၃ သန်းရှိပြီး နိုင်ငံတစ်ဝန်း ကျောင်းလုံးဝမနေဘူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းရှိပါတယ်။ အလယ်တန်းအထိပညာသင်ယူခဲ့သူ ၁၈ ဒသမ ၂ သန်းခန့်နဲ့အထက်တန်းပညာသင်ယူခဲ့သူ ခုနစ်သန်းကျော်ခန့်ရှိပြီး လူဦးရေ သုံးသန်းနီးပါးခန့်သာ ဘွဲ့ရရှိခဲ့ကြောင်းသိရှိရပါတယ်။ ဒါ့ကြောင့်လည်းနိုင်ငံတော်အစိုးရအနေနဲ့ ပညာရေးမြှင့်တင်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်နေခြင်းဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အတတ်ပညာတတ်မြောက်သူတွေ၊ အသိပညာပြည့်စုံတဲ့ပညာတတ်တွေပေါ်များနေမှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။ အတန်းပညာရှိမှ အသိပညာနဲ့အတတ်ပညာရရှိဖို့လွယ်ကူမှာဖြစ်တဲ့အတွက် လူငယ်များမိမိခြေထောက်ပေါ် တွင်ရပ်တည်နိုင်ရေးအတွက် အသိပညာ၊ အတတ်ပညာများ အမှန်တကယ်ရရှိအောင် သင်ကြားလေ့ကျင့်ပေးလျက်ရှိပါတယ်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှာလည်း နိုင်ငံသားတိုင်းပညာသင်ကြားပိုင်ခွင့်ရှိပြီး မသင်မနေရအခြေခံပညာသင်ကြားခွင့်ကိုအာမခံထားပါတယ်။ ကျောင်းနေအရွယ်ကလေးအားလုံး၊ ပညာသင်ယူရမယ့်အရွယ်အားလုံး ပညာသင်ယူခွင့်ရရှိစေရန်နဲ့ အခြေခံပညာအလယ်တန်းအဆင့် KG+9 အဆင့်ပြီးမြောက်မှသာ သက်မွေးပညာသင်ကြားနိုင်မှာဖြစ်ပြီး အဲဒီကတစ်ဆင့် သတ်မှတ်ချက်ပြည့်မီရင် အထက်တန်းပညာ၊ အဆင့်မြင့်ပညာတွေကိုဆက်လက်ကူးပြောင်းသင်ယူနိုင်မှာဖြစ်ပါတယ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့နိုင်ငံတော်တာဝန်အရပ်ရပ်ကို ဦးဆောင်တဲ့အချိန်ကစလို့ ရှေ့လုပ်ငန်းစဉ်တွေ၊ ဦးတည်ချက်တွေချမှတ်ပြီးစနစ်တကျဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးရရှိအောင်လုပ်ဆောင်နေသလို စီးပွားရေးအရလည်း တိုင်းပြည်သာယာဝပြောရေးနဲ့စားရေရိက္ခာဖူလုံရေးမှသည် ပြည်ပသို့ပို့ကုန်တိုးမြှင့်တင်ပို့နိုင်သည်အထိ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ လူမှုရေးဦးတည်ချက်တွေအနေနဲ့ "တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။ နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး" ဆိုတဲ့ဦးတည်ချက်တွေချမှတ်ထားပါတယ်။ ဒါကိုလေ့လာကြည့်ခြင်းအားဖြင့် လူငယ်တွေအပေါ် နိုင်ငံတော်အစိုးရအနေနဲ့အလေးအနက်ထားဆောင်ရွက်ပေးလျက်ရှိကြောင်းသိမြင်နိုင်ပါတယ်။

လူငယ်တွေရဲ့အနာဂတ်တွေလှပကောင်းမွန်နေဖို့ လက်ရှိလူကြီးတွေက၊ တာဝန်ရှိသူတွေကဆောင်ရွက်ပေးလျက်ရှိရာ လူငယ်တွေအနေနဲ့လည်း လိုက်ပါလုပ်ဆောင်ကြဖို့အရေးကြီးလှပါတယ်။ ယနေ့လူငယ် နောင်ဝယ်လူကြီးဆိုစကားအတိုင်း နောင်တစ်ချိန်မှာ နိုင်ငံတော်ရဲ့တာဝန်အရပ်ရပ်၊ ကဏ္ဍအသီးသီးမှာ တာဝန်ယူကြရမှာဖြစ်လို့ လူငယ်တွေကိုတန်ဖိုးထားနေခြင်းလည်းဖြစ်ပါတယ်။ လူငယ်တွေကိုယ်တိုင်က မိမိတို့အနာဂတ်ကိုမိမိတို့ကောင်းမွန်အောင်လုပ်ဆောင်နိုင်ကြမှသာ မိမိအတွက်၊ မိမိတို့မိသားစုအတွက်၊ နိုင်ငံတော်အတွက်သားကောင်းသမီးမွန်တွေဖြစ်လာကြမှာဖြစ်ပါတယ်။ သားကောင်းသမီးမွန်တွေများလာမှလည်း မြန်မာနိုင်ငံဟာဖွံ့ဖြိုးဆဲနိုင်ငံကနေ ဖွံ့ဖြိုးပြီးနိုင်ငံအဖြစ်ကိုရောက်ရှိမှာဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့ စဉ်ဆက်မပြတ်ကြိုးစားသွားကြမယ်ဆိုရင် ဖွံ့ဖြိုးပြီးနိုင်ငံကနေ အဖွံ့ဖြိုးဆုံးနိုင်ငံအဖြစ်ကိုရောက်ရှိလာမှာမလွဲပါဘူး။ လူသာပဓာနမို့ကြိုးစားကြစေချင်ပါတယ်။

တကယ်ကြိုးစားသူတွေအတွက် အောင်မြင်မှုဆိုတာကို အမှန်တကယ် လက်ဝယ်ပိုင်ပိုင်ရရှိမှာမလွဲဧကန်ဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ပညာရေးစနစ်ဟာ ကမ္ဘာ့အဆင့်မီပညာရေးစနစ်အဖြစ် ကူးပြောင်းလျက်ရှိရာမှာ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဟာ စနစ်သစ်ပညာရေးရဲ့ပထမဦးဆုံးစာမေးပွဲဖြစ်ပါတယ်။ Grade -1 မှ Grade-12 ပညာရေးစနစ်မှာပထမဆုံး Grade-12 စာမေးပွဲ၊ တက္ကသိုလ်ဝင်စာမေးပွဲဖြစ်လို့ အောင်မြင်သူများ၊ ဂုဏ်ထူးဖြင့်အောင်မြင်သူများ၊ ဘာသာစုံဂုဏ်ထူးဖြင့်ထူးချွန်စွာ အောင်မြင်သူများမှာ ချီးမွမ်းထောပနာပြုဖွယ်ကောင်းလှပါတယ်။ သင်ကြားပို့ချခံယူတာချင်းအတူတူ၊ လေ့လာမှတ်သားတာချင်းအတူတူ၊ စာကြိုးစားတာချင်းအတူတူ ပိုမိုကြိုးစားအားထုတ်သူအတွက် ပိုမိုကြီးမားတဲ့အောင်မြင်မှုဆိုတာ ရရှိတာဖြစ်ပါတယ်။ **သူများထက်ပိုတော်ချင်ရင် သူများထက်ပိုကြိုးစား** ဆိုစကားအတိုင်း သူတို့တွေကြိုးစားခဲ့ကြပါတယ်။ ကြိုးစားတဲ့အလျောက် အောင်မြင်မှုအသီးအပွင့်တွေ ရရှိခဲ့ပါတယ်။

လူငယ်မောင်မယ်တိုင်းက ဇွဲ၊ လုံ့လ၊ ဝီရိယတွေနဲ့ ကြိုးစားမယ်ဆိုရင် လူငယ်တိုင်းအောင်မြင်မှုကိုရရှိမှာဖြစ်ပါတယ်။ ပညာရေးမှာကြိုးစားလို့အောင်မြင်ခဲ့သူတွေအတွက် နိုင်ငံတော်အစိုးရအနေနဲ့လည်း အဆိုပါအောင်မြင်မှုကို **စာမျက်နှာ ၂၃ သို့ ➤**

➤ စာမျက်နှာ ၂၂ မှအဆက်

အခြားသောကျောင်းသား၊ ကျောင်းသူတွေ အတုယူအားကျနိုင်ဖို့ ဂုဏ်ပြုပွဲတွေကျင်းပပေးလျက်ရှိပါတယ်။ ဘာသာစုံဂုဏ်ထူးရအောင်ကြိုးစားခဲ့ကြတဲ့လူငယ်မောင်မယ်တွေရဲ့ ကြိုးစားအားထုတ်မှု၊ အောင်မြင်မှုဟာ တကယ့်ကို အံ့မခန်းတော်လွန်းလှပါတယ်လို့ပြောချင်ပါတယ်။ ဒီလိုမျိုးလူတော်တွေပေါ်ထွန်းလာတာဟာ နိုင်ငံတော်အစိုးရရဲ့ လူမှုရေးဦးတည်ချက်တွေအောင်မြင်မှုပါပဲ။

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ တစ်နိုင်ငံလုံးဖြေဆိုသူ ၁၂၈၈၂၀ ဦးရှိပြီး အောင်မြင်သူ ၇၄၅၉၂ ဦးရှိပါတယ်။ တစ်နိုင်ငံလုံးအောင်မြင်မှုရာခိုင်နှုန်းအနေနဲ့ ၅၇ ဒသမ ၉၀ ရာခိုင်နှုန်းဖြစ်ပါတယ်။ အောင်မြင်မှုရာခိုင်နှုန်းမြင့်မားတဲ့အတွက် သင်ကြားပြသသူဆရာ၊ ဆရာမအပေါင်း၊ အောင်မြင်ကြသူ ကျောင်းသား၊ ကျောင်းသူအပေါင်းနဲ့ ဝန်းရံပေးကြသူမိဘအပေါင်းအတွက်ဂုဏ်ယူဖွယ်ရာဖြစ်ပါတယ်။ တက္ကသိုလ်ဝင်စာမေးပွဲမှာ သိပ္ပံတွဲဖြင့်အမှတ်အများဆုံးရရှိသူ ၁၁ ဦး၊ ဝိဇ္ဇာတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၁၀ ဦး၊ ဝိပ္ပံတွဲဖြင့် အမှတ်အများဆုံးရရှိသူ ၁၀ ဦး တို့ရဲ့အောင်မြင်မှုကိုတွေ့မြင်ရပါတယ်။ ဒ့ါအပြင် တစ်နိုင်ငံလုံးတက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုသူအားလုံးထဲမှာ ဘာသာစုံဂုဏ်ထူးနဲ့ ထူးထူးချွန်ချွန်အောင်မြင်သူ ၅၀၇ ဦးရှိတယ်လို့သိရပါတယ်။ ပထမဆုံးသော စနစ်သစ်တက္ကသိုလ်ဝင်စာမေးပွဲမှာ ဘာသာစုံဂုဏ်ထူးနဲ့အောင်မြင်ခြင်းဖြစ်လို့ စာရေးသူကတော့မှတ်တမ်းတင်ဂုဏ်ယူထိုက်သူများလို့မြင်မိပါတယ်။ အခြေခံပညာနယ်ပယ်မှစာပေသူရဲကောင်းများလို့ပင်မှတ်ယူချင်ပါတယ်။ တကယ်လည်းတော်ကြပါပေတယ်။

အခြေခံပညာရေးဆိုတာ အရည်အသွေးပြည့်ဝတဲ့အဆင့်မြင့်ပညာရေးရဲ့ အခြေခံဖြစ်တဲ့အတွက် ကျောင်းသား၊ ကျောင်းသူများစဉ်ဆက်မပြတ်တန်းစဉ်ကူးပြောင်းရာမှာ အတန်းစာမေးပွဲအောင်ရုံသာမက အတန်းပညာများ အမှန်တကယ်တတ်မြောက်ရန် သင်ကြားလေ့ကျင့်ပေးရမှာဖြစ်ပါတယ်။ ဆရာကောင်းတပည့် ပန်းကောင်းပန်ဖြစ်စေဖို့အတွက် ဆရာကောင်းတွေအများကြီးပေါ်ထွန်းဖို့လိုအပ်ပါတယ်။ ဒ့ါကြောင့်လည်း နိုင်ငံတော်အစိုးရအနေနဲ့ဘာသာရပ်ဆိုင်ရာ ဆရာ၊ ဆရာမတွေပြည့်စုံအောင်ခန့်ထားပေးနိုင်ဖို့ ဆောင်ရွက်ပေးနေသလို သက်ဆိုင်ရာကဏ္ဍအလိုက် တိုးတက်ပြောင်းလဲနေတဲ့ ပညာရပ်အသစ်တွေ၊ သင်ခန်းစာအသစ်တွေကို လေ့လာတတ်ကျွမ်းစေဖို့ ဆရာ၊ ဆရာမများမွမ်းမံသင်တန်းတွေဖွင့်လှစ်ပေးလျက်ရှိပါတယ်။ ထို့အတူကျောင်းအုပ်ကြီးများ၊ ပညာရေးမှူးများအတွက်လည်း အုပ်ချုပ်မှုသင်တန်းများ၊ စီမံခန့်ခွဲမှုသင်တန်းများဖွင့်လှစ်ပေးလျက်ရှိနေပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများအား ဇူလိုင်လ ၂၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန - ၂ မှာ ဂုဏ်ပြုဆုချီးမြှင့်သည့်အခမ်းအနားကျင်းပခဲ့ပါတယ်။

အဆိုပါအခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က **“ကျောင်းသားလူငယ်များသည် အသိပညာနှင့် အတတ်ပညာကို ဟန်ချက်ညီညီ ထိန်းညှိပြီး မိမိတို့၏ ရည်မှန်းထားသည့်ပန်းတိုင်ကို အရောက်သွားရန်လိုကြောင်း၊ “အလိမ္မာစာမှာရှိ” ဆိုသည့်ဆိုရိုးစကားအတိုင်း စာအုပ်စာပေများ ဖတ်ရန်လိုကြောင်း၊ ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသည့် အကြောင်းအရာများကို မှန်မှန်ကန်ကန်လေ့လာသုံးသပ်ပြီး အသိအမြင်မှန်ကန်စွာဖြင့် လုပ်ကိုင်ဆောင်ရွက်ကြရန်လိုကြောင်း”** ပြောကြားခဲ့သည်။

ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူတွေပြင်ပစာပေဗဟုသုတရရှိဖို့အတွက် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနဲ့ စာဖတ်ရှိန်မြှင့်တင်ရေးကို အလေးထားဆောင်ရွက်ပေးနေပါတယ်။ အားလပ်ချိန်တွေမှာ စာဖတ်တဲ့အလေ့အကျင့်ရှိအောင်၊ စာဖတ်ဝါသနာထုံအောင် ဆရာ၊ ဆရာမများက မိမိတို့ကျောင်းသား၊ ကျောင်းသူတွေကိုလေ့ကျင့်ပေးကြရမှာဖြစ်ပါတယ်။ ဒီကနေ့မှာ တက္ကသိုလ်ဝင်စာမေးပွဲကို ဘာသာစုံဂုဏ်ထူးနဲ့ ထူးချွန်စွာ အောင်မြင်သူတွေအားလုံးနီးပါးဟာ ကျောင်းစာတွေအပြင် စာကြည့်တိုက်က သုတစာပေ၊ ရသစာပေတွေကိုဖတ်ရှုထားတဲ့အတွက်ကြောင့်လည်း ထူးချွန်စွာအောင်မြင်ခဲ့တာဖြစ်ပါတယ်။ ဒ့ါအပြင်ဆရာ၊ ဆရာမများရဲ့ စေတနာ၊ ဝါသနာ၊ အနစ်နာဖြင့် ကျောင်းသား၊ ကျောင်းသူတွေကို ပညာသင်ကြားပေးနိုင်ခြင်းကလည်း ထူးချွန်စွာအောင်မြင်ရေးမှာ အထောက်အကူဖြစ်စေပါတယ်။

နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍတွင် ရုပ်ပိုင်းဆိုင်ရာနဲ့စိတ်ပိုင်းဆိုင်ရာတွေတိုးတက်အောင် အမြဲမပြတ် ဆက်လက်အားပေးဖြည့်ဆည်းပေးနေသကဲ့သို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း အမြဲမပြတ် အပတ်တကုတ်ကြိုးစားလေ့လာသင်ယူနေကြရမှာဖြစ်ပါတယ်။ ဒါမှလည်း ပညာရေးကဏ္ဍတိုးတက်အောင်မြင်မှုတွေဖြစ်ထွန်းလာမှာဖြစ်ပါတယ်။ တိုင်းပြည်ပညာရေးကို မြှင့်တင်နိုင်ခြင်းဖြင့် အနာဂတ်ဒီမိုကရေစီတည်ဆောက်ရေးမှာအထောက်အကူပြုနိုင်မှာဖြစ်ပါတယ်။

လျင်မြန်စွာတိုးတက်ပြောင်းလဲလာနေတဲ့ကမ္ဘာကြီးမှာ နိုင်ငံရဲ့လူမှုအဖွဲ့အစည်းနဲ့စီးပွားရေးတို့ကိုအပြုသဘောဆောင်တဲ့ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရာမှာ အသိပညာနဲ့ပညာရေးတို့ဟာ ပို၍မရှိမဖြစ်လိုအပ်လျက်ရှိနေပါတယ်။ အစဉ်လေ့လာသင်ယူနေရတာဟာ ပညာပဲဖြစ်ပါတယ်။ ပညာနဲ့ပတ်သက်လို့ ပညာဆိုတာအပြစ်နဲ့အကျိုးကိုခွဲခြားသိနိုင်တဲ့ ဉာဏ်ဖြစ်ပါတယ်။ မိမိနိုင်ငံ၊ မိမိလူမျိုးကောင်းကျိုးအတွက် ပညာနဲ့ဆောင်ရွက်နိုင်ခြင်းဟာကောင်းမွန်တဲ့ အသိဉာဏ်ဖြစ်ပါတယ်။ လူငယ်တွေကိုဗလငါးတန်ပြည့်ဝဖို့အတွက် အလေးထားလေ့ကျင့်ပျိုးထောင်နေခြင်းမှာ နိုင်ငံတော်ရဲ့အနာဂတ်အကျိုးစီးပွားအတွက်ဖြစ်ပါတယ်။ လူငယ်တွေဟာ ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တနဲ့ဘောဂဆိုတဲ့ဗလငါးတန်ပြည့်ဝနေမှလည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးမှာ အထောက်အကူပြုပါဝင်ဆောင်ရွက်နိုင်ကြမှာဖြစ်ပါတယ်။

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲမှာ ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြတဲ့ ကျောင်းသား၊ ကျောင်းသူတွေရဲ့ ကြိုးစားအားထုတ်မှု၊ ဆရာ၊ ဆရာမများရဲ့သင်ကြားပို့ချမှု၊ မိဘတွေရဲ့အားပေးကူညီမှုတွေကြောင့်လည်း အောင်မြင်သူတွေအဖြစ်ရောက်ရှိလာကြတာဖြစ်ပါတယ်။ အဆိုပါဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင် ခဲ့သူကျောင်းသား၊ ကျောင်းသူများအနေနဲ့အခြေခံပညာမှ အဆင့်မြင့်ပညာသို့တက်လှမ်းကြရမည့်သူများဖြစ်ပါတယ်။ အဆင့်မြင့်ပညာမှာလည်း မိမိတို့ရဲ့ဝါသနာပါမှု၊ စိတ်ဝင်စားမှု၊ ဘဝတိုးတက်လမ်းစသည့် အချက်များကိုအခြေခံမှုတည်ရွေးချယ်ပြီး လျှောက်လှမ်းကြရမှာဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ကတော့ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်၊ တပ်မတော်ဆေးတက္ကသိုလ်တွေမှာ တက်ရောက်နိုင်ဖို့ ဗိုလ်လောင်းတွေခေါ်ယူနေပြီဖြစ်ပါတယ်။ တပ်မတော်ဆေးတက္ကသိုလ်ဆိုရင်လည်း ယမန်နှစ်ကစပြီး အမျိုးသမီးဗိုလ်လောင်းတွေခေါ်ယူထားတာဖြစ်ပါတယ်။ မိမိနိုင်ငံတော်ကိုကာကွယ်ခြင်းဟာ မွေးရာပါတာဝန်ဖြစ်သလို အင်မတန်ဂုဏ်ယူဖွယ်ကောင်းလှပါတယ်။

မည်သည့်တက္ကသိုလ်ကိုတက်ရောက်သည်ဖြစ်ပါစေ အခြေခံပညာအဆင့်မှာထူးချွန်ကြသလို အဆင့်မြင့်ပညာအဆင့်မှာလည်း ကြိုးစားမှုအရှိန်အဟုန်ကို မြှင့်တင်ထားကြရမှာဖြစ်ပါတယ်။ ဒါမှလည်း မိမိတို့တစ်ဦးတစ်ယောက်ချင်းစီဟာ အနာဂတ်လူ့ဘောင်၊ အနာဂတ်နိုင်ငံတော်ကို ကျွမ်းကျင်အောင်မြင်စွာ ဖန်တီးတည်ဆောက်နိုင်သူများဖြစ်လာမှာပါ။ စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံသူလူငယ်တွေပေါ်ကြွယ်မှသာ နိုင်ငံတော်ရဲ့အနာဂတ်ကိုပိုမိုအလှဆင်နိုင်ကြမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေဖြင့် ထူးချွန်ထက်မြက်သောလူငယ်မောင်မယ်များကို အထူးတလည် ဂုဏ်ပြုလျက်ရှိပေရာ လူငယ်များအနေဖြင့် **“ရင်မှာလန်းဆန်းအပြုံးပန်းတို့နဲ့အတူ အောင်ပန်းကိုပြု အောင်ဆုယူကြပြီ”** မို့ အထူးပင်ဝမ်းသာပီတိဖြစ်ရပါကြောင်း ရေးသားလိုက်ပါတယ်။ ။

## ရန်ကုန်မြို့နှင့်မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၇-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၆၈၅ | ၂၇၆၅ | ၂၇၄၀ | ၂၆၉၅ | ၂၇၆၅ | ၂၇၈၀ | ၂၇၉၀ | ၂၇၄၅ | ၂၈၇၅ | ၂၉၀၅ | ၂၇၅၅ | ၂၇၇၀ | ၂၈၀၀ | ၂၇၉၀ | ၂၈၀၀ | ၃၂၁၀ | ၃၉၅၀ |
| 95 Ron | ၂၈၀၅ | ၂၈၈၅ | ၂၈၆၀ | ၂၈၁၅ | ၂၈၈၅ | ၂၉၀၀ | ၂၉၁၀ | ၂၈၆၅ | ၂၉၉၅ | ၃၀၂၅ | ၂၈၇၅ | ၂၈၉၀ | ၂၉၂၀ | ၂၉၁၀ | ၂၉၂၀ | ၃၃၃၀ | ၄၁၀၀ |
| HSD (500 ppm) | ၂၄၁၅ | ၂၄၉၅ | ၂၄၇၀ | ၂၄၂၅ | ၂၄၉၅ | ၂၅၁၀ | ၂၅၂၀ | ၂၄၇၅ | ၂၆၀၅ | ၂၆၃၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၂၀ | ၂၅၃၀ | ၂၉၄၀ | ၃၉၅၀ |
| HSD (50 ppm) | ၂၈၃၅ | ၂၉၁၅ | ၂၈၉၀ | ၂၈၄၅ | ၂၉၁၅ | ၂၉၃၀ | ၂၉၄၀ | ၂၈၉၅ | ၃၀၂၅ | ၃၀၅၅ | ၂၉၀၅ | ၂၉၂၀ | ၂၉၅၀ | ၂၉၄၀ | ၂၉၅၀ | ၃၃၆၀ | ၃၉၅၀ |
| HSD (10 ppm) | ၂၈၃၅ | ၂၉၁၅ | ၂၈၉၀ | ၂၈၄၅ | ၂၉၁၅ | ၂၉၃၀ | ၂၉၄၀ | ၂၈၉၅ | ၃၀၂၅ | ၃၀၅၅ | ၂၉၀၅ | ၂၉၂၀ | ၂၉၅၀ | ၂၉၄၀ | ၂၉၅၀ | ၃၃၆၀ | ၃၉၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၅၄၀ | ၂၆၂၅ |
| 95 Ron | ၂၆၅၇ | ၂၇၄၄ |
| HSD (500 ppm) | ၂၂၇၉ | ၂၃၅၄ |
| HSD (50 ppm) | ၂၆၈၆ | ၂၇၇၀ |
| HSD (10 ppm) | ၂၆၈၆ | ၂၇၇၀ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇ - ၄၁၁၃၇၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇ - ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း**

**လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၄° C | / | ၂၉.၀° C |
| ရန်ကုန် | ၂၅° C | / | ၃၁.၀° C |
| မန္တလေး | ၂၆° C | / | ၃၄.၃° C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

နေပြည်တော်  ဇူလိုင်  ၂၂

# ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တာတမံများကြံ့ခိုင်မှုနှင့် ရေဘေးကြိုတင်ကာကွယ်မှုအခြေအနေ ဒုတိယဝန်ကြီး ဦးပိုလ်ပိုလ်ကျော် ကြည့်ရှုစစ်ဆေး



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးပိုလ်ပိုလ်ကျော်သည် ယမန်နေ့က ရန်ကုန်တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနသို့ရောက်ရှိပြီး တာဝန်ရှိသူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက မြစ်ရေတားတာတမံနှင့် ရေလျှောင်တမံများ၏ ရေဘေးကာကွယ်ရေးဆိုင်ရာ အစီအမံများနှင့် သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်ထားရှိမှုဆိုင်ရာများ၊ အရေးပေါ်ပစ္စည်းများကို လိုအပ်သည့်နေရာများသို့ အချိန်နှင့်တစ်ပြေးညီဖြည့်စွက်ထားနိုင်ရေး ကြိုတင်စီစဉ်ထားရှိရန် ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ဧရာဝတီအရှေ့ဘက်ကမ်း အဖျားကတ်တာ နှစ်စဉ်ဧရာဝတီမြစ်ကမ်းထိန်းသိမ်းခြင်းလုပ်ငန်းများ၊ ဧရာဝတီအရှေ့ဘက်ကမ်း အဖျားကတ်တာရှိရေကင်းစခန်းများနှင့်ရပ်ကွက်/ကျေးရွာရေကင်းစခန်းများတွင် အရေးပေါ်ပစ္စည်းများကြိုတင်စုဆောင်းထားရှိမှု၊ ရေဘေးကြိုတင်ကာကွယ်မှုလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ဒုတိယဝန်ကြီးက မြစ်ရေတိုက်စားမှုနှင့် မြစ်ရေဖြင့် အချိန်ကြာမြင့်စွာထိတွေ့မှုကြောင့်တာအိခြင်း၊ တာလျှောခြင်း၊ ရေပေါက်(ထူးပေါက်)များဖြစ်ပေါ်တတ်သဖြင့် နေ့ညမပျက်ရေကင်းလှည့်ဇယားများဖြင့် ကြည့်ရှုစစ်ဆေးကြရန်မှာကြားပြီး လိုအပ်သောထောက်ပံ့ပစ္စည်းများပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနလက်ထောက်ညွှန်ကြားရေးမှူးရုံးသို့ရောက်ရှိပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့်တွေ့ဆုံကာ လိုအပ်ချက်များကိုဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(ဂ၁၀၀)

ရန်ကုန်  ဇူလိုင်  ၂၂

# ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)ရှိ ဝန်ထမ်းများနှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင် တွေ့ဆုံ



တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများ၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ တာဝန်ထမ်းဆောင်ကြရန်၊ ဘဏ္ဍာငွေသုံးစွဲရာတွင် ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်း စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ရန်ဆွေးနွေးမှာကြားပြီး ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)အတွင်း ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့်ပြီးစီးမှု၊ Keyboard ဂီတသင်တန်းပို့ချနေမှုနှင့် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာအတွင်းရှိ ရိုးရာအိမ်များကိုလှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်သို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ဝန်ကြီးဌာနကိုယ်စားပြု အမျိုးသားဘောလုံးအသင်းနှင့် အမျိုးသားဖူဆယ်အသင်းတို့ လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(ဂ၁၀၀)

တောင်ကြီး  ဇူလိုင်  ၂၂

# ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ရှမ်းပြည်နယ်(မြောက်ပိုင်း) ယာယီနေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ ဇူလိုင်လတွင် အကြမ်းဖက်သောင်းကျန်းသူများဖြစ်သည့် MNDAA၊ TNLA အဖွဲ့မှ လက်နက်ကြီး၊ လက်နက်ငယ်များ၊ ရှော့တိုက်ဒုံးများပစ်ခတ်မှုကြောင့် မြို့တွင်းကျရောက်ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့၍ ဒေသခံပြည်သူများမှာ စိုးရိမ်ကြောက်လန့်မှုများဖြစ်ပြီး လားရှိုးမြို့၌နေထိုင်ရန်မဖြစ်တော့၍ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့သို့ ဒေသခံပြည်သူမိသားစုဝင်များ ယာယီနေရပ်စွန့်ခွာလာကြသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့မှ ယာယီနေရပ်စွန့်ခွာလာသော ဒေသခံပြည်သူမိသားစုဝင်များကို တောင်ကြီးမြို့ မဟာယနဘုရားရှိခိုးကျောင်း၊ တရုတ်နှစ်ခြင်းခရစ်ယာန်ကျောင်း၊ ကိုးကန့်တရုတ်ဘုံကျောင်း၊ ရှမ်းပိဋကတ်ကျောင်းတို့တွင် ယာယီနေရပ်စွန့်ခွာပြည်သူများအား နေရာထိုင်ခင်းအိပ်ဆောင်၊ စားသောက်စရာများ၊ ကျန်းမာရေးစောင့်ရှောက်မှုများဆောင်ရွက်ပေးထားပြီး ဇူလိုင်လ ၂၂ ရက် နံနက် ၁၁ နာရီက ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်တာဝန်ရှိသူများက ယာယီနေရပ်စွန့်ခွာပြည်သူများကို ထောက်ပံ့ပစ္စည်းဆန်၊ ဆီ၊ ထောက်ပံ့ငွေနှင့်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ထောက်ပံ့ငွေများပေးအပ်ရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူကြသည်။

ဆက်လက်၍ ရှမ်းတောင်ပြည်သူလူထုများ စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီမှ ထောက်ပံ့ငွေများပေးအပ်ကြကြောင်း သိရသည်။ အလားတူ ဇူလိုင်လ ၂၁ ရက်က တောင်ကြီးမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းရုံးနှင့် ရပ်တော်မူဘုန်းကြီးကျောင်း၌ နေရာထိုင်ခင်းအိပ်ဆောင်၊ စားသောက်စရာများ၊ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးထားပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့မှ ယာယီနေရပ်စွန့်ခွာပြည်သူများအား ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက သွားရောက်တွေ့ဆုံ၍ ပြည်နယ်ဝန်ကြီးချုပ်က အားပေးစကားပြောကြားပြီး ထောက်ပံ့ပစ္စည်းနှင့်ငွေများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)




# "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"**အစီအစဉ်မှ **"ဥပဒေမရှိလက်နက်အားကိုးနဲ့ အာဏာပြဖိနှိပ်ခြိမ်းခြောက်လျက်ရှိတဲ့ အကြမ်းဖက်သမားများ"**ခေါင်းစဉ်ဖြင့် ၂၄-၇-၂၀၂၄ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြန်လည်တည်ဆောက်ရေးနဲ့တည်ငြိမ်လာပြီဖြစ်တဲ့ လွိုင်ကော်မြို့ကိုကြည့်ပြီး တပ်မတော်နဲ့အကြမ်းဖက် ဘယ်သူက တိုင်းပြည်အတွက်လဲဆိုတာ သိသင့်ပြီ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကျောဖုံးမှအဆက်**

အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးရုံး အထက်ဘက် မကျီးစုတာမိုင် ၆/၃ နှင့် ၆/၄ အကြား လွန်ဆေးမြိုင်ပန်းခြံအနီးတွင် အလျား ၁၅ ပေ၊ အနံ ၃ ပေခန့်နှင့် အဆိုပါနေရာ၏ အထက်ဘက်တွင် အလျားပေ ၁၂၀၊ အနံ ၅ ပေခန့်သည် ကမ်းပါးအပေါ်ပိုင်းများ ပွဲကျမှုဖြစ်ပွားခဲ့ရာ အဆိုပါကမ်းပြိုမှုဖြစ်ပွားခဲ့သည့်နေရာနှစ်နေရာတွင် ကမ်းပါးများကို Geotextile များဖြင့် ကာကွယ်ခြင်း၊ သစ်ကိုင်းများချထားခြင်း၊ ရေတောင်ဝှေးများချထားခြင်းနှင့် ဝါးဖောင်များချထားခြင်းတို့ကို ဒေသဆိုင်ရာအာဏာပိုင်များ၊ ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိသည်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ယခုနှစ်မိုးရာသီကာလတွင် ရေတိုက်စားကမ်းပြိုမှုများနှင့်ပတ်သက်၍ စောင့်ကြည့်ပြီး လိုအပ်သည်များ အချိန်နှင့်တစ်ပြေးညီဆောင်ရွက်ပေးလျက်ရှိသည်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၂၂

# ကျေးလက်လမ်း၊ တံတား စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေး



ကျေးလက်လမ်း၊ တံတားစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတား လုပ်ငန်းများနှင့် စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တင်ဒါခေါ်ယူရေးလုပ်ငန်းများကို တတ်နိုင်သမျှ ဆောလျင်စွာပြီးစီးရေး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်ကြရန်လိုကြောင်း၊ အချိန်မီပြီးစီးရေးနှင့်သတ်မှတ်စံချိန်စံညွှန်း၊ အရည်အသွေးပြည့်မီစေရေးကိုလည်း အလေးထားကြပ်မတ်သွားရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၊ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသေးစား၊ အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် စဉ်ဆက်မပြတ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ပေါင်းစပ်ဆောင်ရွက်ရန်ကိစ္စများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များအတွင်း ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် လမ်း၊ တံတားလုပ်ငန်းများနှင့် ယခုဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။


အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ လုပ်ငန်းစွမ်းဆောင်ရည်ဆုနှင့် ထူးချွန်ဆုများရရှိခဲ့သည့် ဝန်ထမ်းများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်လမ်းအရှည် ၄၃၉၉၇ မိုင်ကို တာဝန်ယူတည်ဆောက်ထိန်းသိမ်းလျက်ရှိပြီး ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်းရန်ပုံငွေကျပ် ၄၉ ဒသမ ၁၃ ဘီလီယံဖြင့် လမ်းမိုင်ပေါင်း ၁၉၀၊ တံတား၊ ရေကျော်နှင့် Box Culvert ၁၆၉ စင်း၊ တိုင်းဒေသကြီး/ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၂၁၀ ဒသမ ၇၄ ဘီလီယံဖြင့် လမ်းမိုင်ပေါင်း ၉၃၀၊ တံတား၊ ရေကျော်နှင့် Box Culvert ၁၀၇၂ စင်းတို့ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ကျေးရွာပေါင်း ၇၃၉၅ ရွာရှိ ဒေသခံပြည်သူ ၅ ဒသမ ၅၄ သန်းကို အကျိုးပြုနိုင်ခဲ့ကြောင်းနှင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း လမ်း၊ တံတား လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၅၀၀)

ရန်ကုန် ဇူလိုင် ၂၂

# ရန်ကုန်တိုင်းဒေသကြီး ဆဋ္ဌမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ



ရန်ကုန်တိုင်းဒေသကြီး ဆဋ္ဌမအကြိမ် မိုးရာသီစုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ရှိ ဒဂုံတက္ကသိုလ်၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဒဂုံတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်စိုက်ပျိုးပေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တက္ကသိုလ်နယ်မြေတွင် သစ်ပင်စိုက်ပျိုးပွဲများဆောင်ရွက်ခြင်းသည် စိမ်းလန်းစိုပြည်သာယာလှပသော ပရိဝုဏ်ဖြစ်စေရေး၊ ကျောင်းသား၊ ကျောင်းသူများ၊ ဆရာ၊ ဆရာမများအေးချမ်းပျော်ရွှင်စွာအနားယူအပန်းဖြေနိုင်စေရေး၊ သာယာလှပသောပတ်ဝန်းကျင်ကောင်းများ ဖန်တီးနိုင်စေရေးဆိုသည့် ရည်ရွယ်ချက်များနှင့် သစ်ပင်စိုက်ပျိုးပွဲများဆောင်ရွက်ရခြင်းဖြစ်ကြောင်းနှင့် ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့ကျောင်းပရိဝုဏ်နှင့်ပတ်ဝန်းကျင် အစဉ်ထာဝရ စိမ်းလန်းစိုပြည်လှပနေစေရေးအတွက် စိုက်ပြီးသစ်ပင်များကို ဆက်လက်ပြုစုထိန်းသိမ်းကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပိတောက်ပင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူတို့က အထိမ်းအမှတ်သစ်ပင်များအား စိုက်ပျိုးပေးကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် တက်ရောက်လာကြသူများ၏ အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်းနှင့် ၂၀၂၄ ခုနှစ်အတွင်း ဆဋ္ဌမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် ဒဂုံတက္ကသိုလ်၏ ၄ ဒသမ ၈ ဧက တွင် မည်စည်၊ ပျဉ်းမ၊ ခရေ၊ ပျဉ်းကတိုး၊ စိန်ပန်းကြီး၊ မအူ၊ မဟော်ဂနီ၊ ပိတောက်၊ တရုတ်တည်၊ မန်ကျည်းပင်ရှား၊ ငုရွှေဝါ အမျိုးအစား ၁၁ မျိုး အပင်ပေါင်း ၅၀၅၈ ပင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ဝန်းရံခ

နေပြည်တော် ဇူလိုင် ၂၂

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ



စစ်ကိုင်းတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဇူလိုင်လ ၂၁ ရက်နှင့် ၂၂ ရက်**တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Mitsubishi Trito မော်တော်ယာဉ်(၁)စီးနှင့် Dihatsu Hijet မော်တော်ယာဉ်(၂)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၀၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ စစ်ကိုင်းမြို့၊ ရွာထောင်ရပ်ကွက်၊ ဘီယာစတား(၃)ဆိုင်ရှေ့၌ တရားဝင်သယ်ဆောင်ခွင့် အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Tiger Beer ဖာ (၁၅၀)အပါအဝင် ကုန်ပစ္စည်း (၄)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၄၄၀၀၀၀)ကို ယစ်မျိုးဥပဒေအရလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၄၄၀၀၀၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဇူလိုင်လ ၂၁ ရက်နှင့် ၂၂ ရက်**တို့တွင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့၊ ရွှေသံလွင်တိုးဂိတ်အနီး၌ မုတ္တမမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် တရုတ်နိုင်ငံထွက် ပန်းသီးကီလိုဂရမ် (၁၂၀၀) အပါအဝင်ကုန်ပစ္စည်း(၂)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၄၂၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Bus (၁)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ တောင်ငူခရိုင်အတွင်း၌ တရားမဝင် သစ်မာ (၂ ဒသမ ၁၃၅)တန်၊ အခြားသစ် (၃ ဒသမ ၄၈၀)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၂၅၂၇၀)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၈၆၇၂၇၀)**ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဇူလိုင်လ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာအမှုတွဲ (၇) မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၄၃၀၇၂၇၀)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇူလိုင် ၂၂

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ ဦးတွေ့ရှိ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ၁၄-၇-၂၀၂၄ ရက် ည ၈ နာရီမှ ၂၁-၇-၂၀၂၄ ရက် ည ၈ နာရီအထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၃၄၉၈၅ ခုအား စစ်ဆေးပြီးစီးခဲ့ရာ **ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၂၀ ဦးတွေ့ရှိရပါသည်။ ထို့ကြောင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ သုည ဒသမ ၀၆ ရာခိုင်နှုန်းဖြစ်**သည်။ အစီရင်ခံကာလအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာသတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်းကျန်းမာရေးဝန်ကြီးဌာနကသတင်းထုတ်ပြန်ထားသည်။

ကျန်းမာရေးဝန်ကြီးဌာန

နေပြည်တော် ဇူလိုင် ၂၂

# အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကျင်းပ



အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင်က ၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။

အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ်၊ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ပြုလုပ်ရာ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်လင်းမောင်နှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင် အသင်းများ၏ ပထမနေ့ပွဲစဉ် ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါ တိုင်းမှူးဒိုင်း ပိုက်ကျော်ခြင်း ပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် တပ်ရင်း/တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် ဇူလိုင်လ ၂၆ ရက်အထိ ကျင်းပ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(၁၀၀)**

နေပြည်တော် ဇူလိုင် ၂၂

# ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲပြုလုပ်



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း ဒိုင်းဆုရရှိသော မြိတ်တပ်နယ်အသင်းအား ဆုပေးအပ်ချီးမြှင့်စဉ်။

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ ၂၀၂၄ ခုနှစ် တိုင်းမှူးဒိုင်း လက်ဝှေ့ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းစစ်ဌာနချုပ် တိုင်းရန်အောင်ခန်းမ၌ ပြုလုပ်ရာ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်းနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်အသင်းများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ ပြိုင်ပွဲ အမျိုးအစားအလိုက် ဗိုလ်လုပွဲ ပွဲစဉ် ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက် ပြုလုပ်ရာ ဒိုင်အဖွဲ့ဝင်များ၊ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုရရှိကြသူများ နှင့် ဒိုင်းဆုရရှိသော မြိတ်တပ်နယ်အသင်းတို့အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ဒိုင်းဆုနှင့် ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(၁၀၀)**

❍ **ကျောဖုံးမှအဆက်**

ရန်ကုန်ယူနိုက်တက်အသင်းနိုင်ပွဲရရှိခဲ့ပြီး YREO အသင်းနှင့် သစ္စာအားမာန်အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ YREO အသင်းနှင့် သစ္စာအားမာန်အသင်းတို့ကစားခဲ့ရာ ခြေစွမ်းပိုင်းကွာခြားမှုမရှိခဲ့ဘဲ အပြန်အလှန်ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ တစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ပြီး YREOအသင်းအတွက် သွင်းဂိုးကို ပွဲချိန်မိနစ် ၅၀ တွင် စုစုခိုင်က သွင်းယူနိုင်ခဲ့ပြီး သစ္စာအားမာန်အသင်း အတွက် သွင်းဂိုးကို ပွဲချိန် ၉၄ မိနစ်တွင် မြတ်နိုးခင်က သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် စလင်း အားကစားကွင်း၌ ရှမ်းယူနိုက်တက် အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်းတို့ ကစားခဲ့ရာ ရန်ကုန်ယူနိုက်တက်အသင်းက ခြေစွမ်းပိုင်းအသာစီးဖြင့် ဖိအားပေးကစား နိုင်ခဲ့ပြီး ရန်ကုန်ယူနိုက်တက်အသင်း အတွက် သွင်းဂိုးများကို ပွဲချိန် ၆ မိနစ်တွင် ပန်းအိန္ဒြယ်၊ ပွဲချိန် ၅၇ မိနစ်တွင် ယွန်းဝတီလှိုင်၊ ပွဲချိန် ၈၃ မိနစ်တွင် ဝင်းသီဂီထွန်း၊ ပွဲချိန် ၉၄ မိနစ်တွင် နှင်းလင်းလတ်လှိုင်တို့က သွင်းယူပေးခဲ့ပြီး ရှမ်းယူနိုက်တက်အသင်း အတွက် သွင်းဂိုးကို ပွဲချိန် ၁၆ မိနစ်တွင် နန်းဖြူဖြူသွယ်က သွင်းယူပေးနိုင်ခဲ့သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉) ပွဲစဉ်အဖြစ် ဇူလိုင်လ ၂၃ ရက်**(ယနေ့)** ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ စလင်းအားကစား ကွင်း၌ မြဝတီအသင်းနှင့် ဧရာဝတီအသင်း တို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **စည်သူအောင်**

ရန်ကုန် ဇူလိုင် ၂၂

# ပဲရစ်အိုလံပစ်ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် မြန်မာအားကစားအဖွဲ့ ပြင်သစ်နိုင်ငံသို့ ထွက်ခွာ



ပြင်သစ်နိုင်ငံ ပဲရစ်မြို့၌ ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၇ ရက်မှ ဩဂုတ်လ ၁၁ ရက်ထိ ကျင်းပမည့် ပဲရစ်အိုလံပစ်အားကစား ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် ရေကူး အားကစားနည်းမှ အုပ်ချုပ်သူတစ်ဦး၊ နည်းပြတစ်ဦး၊ အားကစားသမားတစ်ဦးနှင့် ကြက်တောင်အားကစားနည်းမှ အုပ်ချုပ်သူ တစ်ဦး၊ အားကစားသမားတစ်ဦး စုစုပေါင်း ငါးဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန် မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွား ကြသည်။

အဆိုပါ မြန်မာအားကစားအဖွဲ့များ အား မြန်မာနိုင်ငံလှေလှော်အဖွဲ့ချုပ်နှင့် မြန်မာ နိုင်ငံရေကူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်း ထိုက်မင်း၊ အားကစားနှင့်ကာယပညာဦးစီး ဌာနမှ တာဝန်ရှိသူများနှင့် မိဘဆွေမျိုးများ က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သိရ သည်။ **ဝန်းရံခ**

နေပြည်တော် ဇူလိုင် ၂၂

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထား သော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်း ရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရ ယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက် ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိပါ သည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိ နားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက် ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော် ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူ ခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်း နိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရ နိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရ နိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါ သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက် စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း များပြုမူလုပ်ဆောင်ခဲ့သည့် "Zu Ye Moe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိ မြို့နယ်၊ ရေဆင်းကျေးရွာနေ ဇူရဲမိုးအား ည ၁၂ နာရီ မိနစ် ၄၀ တွင် ရေဆင်းနယ်မြေ ရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီး ထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့ နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရ ယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှု အပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများ အား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူ သွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူ များသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန် အပ်ပါသည်။ **(၁၀၀)**

မက်ဒရစ်၊ ဇောလိုင်

# လက်ရှိစပိန်လာလီဂါပြိုင်ပွဲ၏ လုပ်ခလစာအများဆုံးကစားသမားစာရင်းတွင် တိုက်စစ်မှူးအမ်ဘတ်ပီ တတိယနေရာ၌သာ ရပ်တည်



လက်ရှိစပိန်လာလီဂါပြိုင်ပွဲ၏ လုပ်ခလစာအများဆုံးကစားသမားစာရင်းတွင် ရီးယဲလ်မက်ဒရစ်အသင်း တိုက်စစ်မှူး အမ်ဘတ်ပီ တတိယနေရာ၌သာ ရပ်တည်နိုင်ခဲ့ပြီး ဘာစီလိုနာအသင်းကွင်းလယ်ကစားသမား ဒီဂျောင်းက လုပ်ခလစာအများဆုံးကစားသမားအဖြစ် ထိပ်ဆုံး၌ ရပ်တည်နေကြောင်း သိရသည်။

အမ်ဘတ်ပီသည် ပီအက်စ်ဂျီအသင်းတွင်ကစားစဉ်က မက်ဆီနှင့် စီရော်နယ်ဒိုတို့နောက် လုပ်ခလစာအများဆုံးကစားသမားတစ်ဦးဖြစ်ခဲ့သော်လည်း ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့ကစားချိန်တွင် လုပ်ခလစာလျှော့ယူပြီး ပီအက်စ်ဂျီအသင်းတွင် ကစားစဉ်ကထက် လုပ်ခလစာများစွာ နည်းပါးခဲ့ကာ စပိန်လာလီဂါပြိုင်ပွဲတွင် တတိယနေရာ၌သာ ရပ်တည်နိုင်ခဲ့သည်။

လက်ရှိစပိန်လာလီဂါပြိုင်ပွဲ၏ လုပ်ခလစာအများဆုံးကစားသမားစာရင်းတွင် ဘာစီလိုနာအသင်းမှ ဒီဂျောင်းက တစ်နှစ်လုပ်ခလစာ စတာလင်ပေါင် ၃၁ ဒသမ ၆ သန်းဖြင့် ထိပ်ဆုံး၌ ရပ်တည်နေပြီး ဘာစီလိုနာအသင်းမှ တိုက်စစ်မှူး လီဝန်ဒေါစကီးက တစ်နှစ်လုပ်ခလစာစတာလင်ပေါင် ၂၈ ဒသမ ၂ သန်းဖြင့် ဒုတိယနေရာ၌ ရပ်တည်နေသည်။

ထို့နောက် ရီးယဲလ်မက်ဒရစ်အသင်းမှ ကစားသမားများဖြစ်သည့် အမ်ဘတ်ပီက စတာလင်ပေါင်၂၆ ဒသမ ၃ သန်းဖြင့် အဆင့် (၃) နေရာ၌လည်းကောင်း၊ အလာဘာက စတာလင်ပေါင် ၁၉ သန်းဖြင့် အဆင့် (၄) နေရာ၌လည်းကောင်း၊ ဗင်နီစီးယက်စ်က စတာလင်ပေါင် ၁၇ ဒသမ ၅သန်းဖြင့် အဆင့်(၅) နေရာ၌လည်းကောင်း၊ အက်သလက်တီကိုအသင်းမှ အိုဘလက်က စတာလင်ပေါင် ၁၇ ဒသမ ၅ သန်းဖြင့် အဆင့်(၆)နေရာ၌လည်းကောင်း၊ ဘယ်လင်ဟမ်က စတာလင်ပေါင် ၁၅ ဒသမ ၈ သန်းဖြင့် အဆင့် (၇) နေရာ၌လည်းကောင်း၊ ဘာစီလိုနာအသင်းမှ ဂန်ဒိုဂန်က စတာလင်ပေါင် ၁၄ သန်းဖြင့် အဆင့် (၈) နေရာ၌လည်းကောင်း၊ ရီးယဲလ်မက်ဒရစ်အသင်းမှ ဗယ်လ်ဗာဒီက စတာလင်ပေါင် ၁၂ ဒသမ ၆ သန်းဖြင့် အဆင့် (၉) နှင့် ကော့တွိုက်က စတာလင်ပေါင် ၁၂ ဒသမ ၂ သန်းဖြင့် အဆင့် (၁၀) နေရာ၌လည်းကောင်း အသီးသီးရပ်တည်နေကြောင်း သိရသည်။

*Ref;Dailymail*

## နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

➤ အယ်အီတီဟက်အသင်းက အက်စ်တွန်ဗီလာအသင်း တောင်ပံကစားသမား ဒီယာဘီကို စတာလင်ပေါင် သန်း ၆၀ ဖြင့် အပြီးသတ်ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

➤ ဝက်စ်ဟမ်းအသင်းက အယ်အီတီဟက်အသင်း ကွင်းလယ်ကစားသမားကန်တီကိုခေါ်ယူရန် စတာလင်ပေါင် ၁၅ သန်းဖြင့်သာ ကမ်းလှမ်းခဲ့သော်လည်း အယ်အီတီဟက်အသင်းက ပယ်ချခဲ့ပြီး ဘာစီလိုနာအသင်းက ကြားဖြတ်ခေါ်ယူရန် ပြင်ဆင်နေကြောင်း သိရသည်။

➤ အတ္တလန္တာအသင်းက ဆဲလ်တစ်အသင်း ခေါင်းဆောင် မက်အိုရီလီကို ပြောင်းရွှေ့ကြေး ယူရို ၁၈ သန်းဖြင့် ခေါ်ယူရန် ဆွေးနွေးမှုများလုပ်ဆောင်နေကြောင်းသိရသည်။

➤ ဆော်ဒီကလပ် အယ်လ်ရှာဘတ်အသင်းက အိုဆာဆူနာအသင်းကစားသမား ဒေးဗစ်ဂါစီယာကို ခေါ်ယူရန် သဘောတူညီမှုရရှိထားကြောင်း သိရသည်။

➤ လက်ရှိအပြောင်းအရွှေ့ကာလတွင်ကစားသမား ခေါ်ယူမှုများစွာလုပ်ဆောင်နေသည့် ချယ်လ်ဆီးအသင်းက ဘရာဇီးကလပ် ဂါမဲရီးအသင်း လူငယ်ကစားသမား ဂါဘရီမယ်မဲလ်ကိုခေါ်ယူရန် ဆွေးနွေးနေကြောင်း သိရသည်။ *Ref;Fabrizio Romano*

လန်ဒန်၊ ဇောလိုင်

# အာဆင်နယ်အသင်း ခံစစ်ကစားသမား တိုမီယာဆု ဒူးဒဏ်ရာကြောင့် ရာသီကြိုခြေစမ်းပွဲခရီးစဉ်ကို ပူးပေါင်းမည်မဟုတ်ဘဲ ဆေးကုသမှုခံယူရမည်

အာဆင်နယ်အသင်း အဓိကခံစစ်ကစားသမားတစ်ဦးဖြစ်သည့် တိုမီယာဆုသည် ဒူးဒဏ်ရာသက်သာခြင်းမရှိသေးသည့်အတွက် အာဆင်နယ်အသင်းနှင့်အတူ ရာသီကြိုခြေစမ်းပွဲခရီးစဉ်ကို လိုက်ပါနိုင်မည်မဟုတ်ဘဲ လန်ဒန်မြို့၌သာ ဆေးဝါးကုသမှုခံယူရမည်ဖြစ်ကြောင်း အာဆင်နယ်အသင်းက အတည်ပြုကြေညာခဲ့သည်။

အသက် ၂၅ နှစ်အရွယ် တိုမီယာဆုသည် ပြီးခဲ့သည့် ဘောလုံးရာသီက အသင်းနှင့်အတူ အဓိကကစားသမားအဖြစ်ပွဲထွက်ခွင့်ရရှိခဲ့ကာ ပြိုင်ပွဲစုံ ၃၀ ပွဲပါဝင်ကစားခဲ့ပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှု သုံးကြိမ်ပြုလုပ်နိုင်ခဲ့သည်။


တိုမီယာဆုသည် ပြီးခဲ့သည့် ဇွန်လအတွင်းက ကျင်းပသည့် ၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲခြေစစ်ပွဲ (အာရှဇုန်)အုပ်စုပွဲစဉ်များကစားရန် ဂျပန်အသင်းနှင့် သွားရောက်ပူးပေါင်းစဉ် ဒူးဒဏ်ရာရရှိပြီးနောက် လက်ရှိအချိန်ထိ အနားယူနေရပြီး ဒဏ်ရာသက်သာခြင်းမရှိသေးသည့်အတွက် အာဆင်နယ်အသင်းနှင့် ခြေစွမ်းပွဲခရီးစဉ်ပူးပေါင်းနိုင်မည်မဟုတ်ဘဲ ဆေးဝါးကုသမှုခံယူရမည်ဖြစ်သည်။

အာဆင်နယ်အသင်းတွင် တိုမီယာဆုအပြင် ဘယ်အစွန်ခံစစ်ကစားသမား တီယာနေးလည်း ဒဏ်ရာကြောင့် ဆက်လက်အနားယူရမည်ဖြစ်သည့်အတွက် ခြေစမ်းပွဲခရီးစဉ်ကို လွဲချော်မည်ဖြစ်ကြောင်း သိရသည်။

*Ref;Football London*

မန်ချက်စတာ၊ ဇောလိုင်

# မန်ယူအသင်းက ဖီအိုရင်တီးနားအသင်းမှ အငှားစာချုပ်ဖြင့်ခေါ်ယူထားသည့် ကွင်းလယ်ကစားသမားအမ်မရာဘတ်ကို ကာလတိုစာချုပ်ဖြင့်သာ ဆက်လက်ခေါ်ယူရန်ဆွေးနွေး



မန်ယူအသင်းက ဖီအိုရင်တီးနားအသင်းမှ အငှားစာချုပ်ဖြင့် ခေါ်ယူထားသည့် ကွင်းလယ်ကစားသမား အမ်မရာဘတ်ကို အပြီးသတ်ခေါ်ယူမည်မဟုတ်ဟု ဖီအိုရင်တီးနားအသင်းကို အကြောင်းကြားထားပြီး ကာလတိုစာချုပ်ဖြင့်သာ ဆက်လက်ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

လက်ရှိအပြောင်းအရွှေ့ကာလတွင် ဦးဆောင်လုပ်ကိုင်နေသည့် မန်ယူအသင်းပူးတွဲပိုင်ရှင် ရက်ကလစ်က အမ်မရာဘတ်ကို အပြီးသတ်မခေါ်ယူလိုသည့်အတွက် ဖီအိုရင်တီးနားအသင်းထံပြန်လည်စေလွှတ်ရန် စီစဉ်ထားသော်လည်း နည်းပြတန်ဟတ်က အသင်းကွင်းလယ်ပိုင်းအတွက် အမ်မရာဘတ်၏ခြေစွမ်းပိုင်းကို နှစ်သက်သောကြောင့် အပြီးသတ်ခေါ်ယူမည်မဟုတ်သော်လည်း နောက်ထပ်သဘောတူညီမှုဖြစ်သည့် ကာလတိုစာချုပ်ဖြင့်ခေါ်ယူရန် ဆွေးနွေးမှုများပြုလုပ်လျက်ရှိသည်။

အမ်မရာဘတ်သည် ပြီးခဲ့သည့်နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက ဖီအိုရင်တီးနားအသင်းမှ မန်ယူအသင်းသို့ တစ်ရာသီအငှားစာချုပ်ဖြင့် ပြောင်းရွှေ့ကစားခဲ့ပြီး စာချုပ်ပါအချက်အလက်များအရ အငှားစာချုပ်ပြီးဆုံးပါက ပြောင်းရွှေ့ကြေး စတာလင်ပေါင်သန်း ၂၀ ဖြင့် အပြီးသတ်ခေါ်ယူနိုင်မည့်အချက်ပါဝင်သော်လည်း မန်ယူအသင်းက ပေါင်သန်း ၂၀ မပေးချေလိုသည့်အတွက် အငှားစာချုပ်ဖြင့်သာ ခေါ်ယူလိုကြောင်း သိရသည်။

*Ref;The Athletic*

မော်လမြိုင်၊ သက်မွေးပညာ

# မော်လမြိုင်မြို့ လှူငယ်သင်တန်းကျောင်း၌ အခြေခံလျှပ်စစ် သင်တန်းဖွင့်လှစ်

မွန်ပြည်နယ် ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရေးလုပ်ငန်းဆပ်ကော်မတီမှ ဖွင့်လှစ်သည့် အခြေခံလျှပ်စစ် House Wiring And Appliance သင်တန်းဖွင့်ပွဲကို ဇူလိုင်လ ၂၂ ရက်တွင် မော်လမြိုင်မြို့ စမ်းကြီးရပ်ကွက်ရှိ လူငယ်သင်တန်းကျောင်း၌ ကျင်းပသည်။


အခမ်းအနားတွင် မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီနာယက ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းဆပ်ကော်မတီအနေဖြင့် ကလေးများ ပိုမိုမြင့်မားကောင်းမွန်သည့် ဘဝများရရှိနိုင်ရေးအတွက် ပညာရေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းနှင့်အတူ ကလေးများတက်ရောက်လိုသော သက်မွေးပညာသင်တန်းများကို တက်ရောက်နိုင်မည့်အခွင့်အရေးများ ဖန်တီးပေးခြင်း၊ ကျောင်းပြင်ပရောက် ကလေးများ၏ ပညာရေးလက်လှမ်းမီစေရေးနှင့်လုပ်ငန်းကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်စေရေး၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးအစီအစဉ်နှင့် နည်းပညာ၊ သက်မွေးပညာအစီအစဉ်များကိုလည်း ပိုမိုဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ နည်းပညာနှင့် သက်မွေးပညာရပ်များကို တတ်မြောက်စေခြင်းအားဖြင့် ကလေးငယ်များသည် လုပ်ငန်းကျွမ်းကျင်မှုအရည်အသွေးများတိုးတက်လာပြီး ပိုမိုကောင်းမွန်သော အခွင့်အလမ်းများ ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းဆပ်ကော်မတီ အတွင်းရေးမှူး ဒေါ်တိုးတိုးချစ်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက သင်တန်းသားများနှင့် အမှတ်တရဓာတ်ပုံရိုက်ကာ သင်ထောက်ကူပစ္စည်းများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါအခြေခံလျှပ်စစ် House Wiring And Appliance သင်တန်းကို သင်တန်းသား ၂၅ ဦးဖြင့် ဇူလိုင်လ ၂၂ ရက်မှ ဩဂုတ်လ ၂ ရက်အထိ စာတွေ့လက်တွေ့ သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ကျိုက္ခမီ | (၄. ၄၉)လက်မ |
| ကျောက်ဖြူ | (၄. ၀၂)လက်မ |
| တမူး | (၃. ၉၄)လက်မ |
| ရေး | (၃. ၁၉)လက်မ |
| စစ်တွေ | (၃. ၀၃)လက်မ |
| သထုံ | (၂. ၄၄)လက်မ |
| ဘားအံ | (၂. ၃၆)လက်မ |
| မာန်အောင် | (၂. ၂၅)လက်မ |
| ဝ | (၂. ၁၇)လက်မ |
| အမ်း | (၂. ၁၇)လက်မ |
| ကြာအင်းဆိပ်ကြီး | (၂. ၀၂)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၂ | ၃၀ |
| ရှမ်း(မြောက်) | ၂၃ | ၂၉ |
| ရှမ်း(အရှေ့) | ၂၂ | ၂၉ |
| ရှမ်း(တောင်) | ၁၈ | ၂၄ |
| ချင်း | ၁၄ | ၂၃ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၁ |
| စစ်ကိုင်း(အောက်) | ၂၄ | ၃၃ |
| နေပြည်တော် | ၂၄ | ၂၉ |
| မန္တလေး | ၂၆ | ၃၄ |
| မကွေး | ၂၆ | ၃၄ |
| ရခိုင် | ၂၂ | ၂၈ |
| ပဲခူး | ၂၄ | ၃၂ |
| ရန်ကုန် | ၂၅ | ၃၁ |
| ဧရာဝတီ | ၂၃ | ၃၀ |
| ကယား | ၂၀ | ၂၈ |
| ကရင် | ၂၃ | ၂၉ |
| မွန် | ၂၃ | ၂၉ |
| တနင်္သာရီ | ၂၃ | ၃၀ |

မော်လမြိုင်ကျွန်း၊ စိုက်ပျိုးရေး

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မိုးစပါးစီမံကိန်းအတွက် သွင်းအားစုပေးအပ်ပွဲကျင်းပ



ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့်တာဝန်ရှိသူများသည် မိုးစပါးအထွက်နှုန်းတိုးတက်ရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မိုးစပါးစီမံကိန်းအတွက် တောင်သူများသို့ သွင်းအားစုများဖြစ်သည့် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင်လ ၂၂ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန မော်ဧရာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးက မိုးစပါးတိုးမြင့်ထွက်ရှိရေး၊ မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးနိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များနှင့် လက်ရှိဆောင်ရွက်ထားရှိမှုအခြေအနေများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ထူထောင်၍ တောင်သူများစိုက်ပျိုးထားသည့် မိုးစပါးများ အထွက်နှုန်းတိုးစေရေး၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီစေရေးအတွက် သွင်းအားစုများပံ့ပိုးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟဇော်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမောင်မောင်သွင်တို့က တက်ရောက်လာကြသော တောင်သူများလက်ဝယ်အရောက် ပေးအပ်ကြကြောင်း သိရသည်။

**ရဲကိုမောင်(ပြန်/ဆက်)**

တောင်သာ၊ ကျေးလက်ဖွံ့ဖြိုးရေး

# ကျေးလက်ကုန်ထုတ်လမ်းနှင့်ဆက်စပ်လုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် အောင်ဇေဖြိုးကျေးရွာ၌ ယခုဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုငွေဖြင့် ကျေးလက်ကုန်ထုတ်လမ်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဇူလိုင်လ ၂၂ ရက်တွင် မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်မျိုးထွန်း၊ တာဝန်ခံအင်ဂျင်နီယာ ဒေါ်ခင်မာပိုတို့နှင့်အတူ အောင်ဇေဖြိုးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းနှင့် တခြားဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုမ္ပဏီတာဝန်ခံ၊ ကျေးရွာလမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီစွာဆောင်ရွက်ရန်နှင့် လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အလေးထားဆောင်ရွက်ရန် ဆွေးနွေးမှာကြားသည်။

အဆိုပါအောင်ဇေဖြိုးကျေးရွာ၌ ကုန်ထုတ်လမ်းအရှည် ၁ မိုင် ၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ ထု ၂ ပေ ၉ လက်မ ဖောက်လုပ်ခြင်း၊ ယင်းလမ်းပေါ်တွင် ရေကျော်တံတားအရှည် ပေ ၅၀၊ အကျယ် ၁၅ ပေ၊ ထု ၆ လက်မ တစ်စင်းနှင့် အရှည် ၁၈ ပေ၊ အကျယ် ၃ ပေ၊ အမြင့် ၃ ပေရှိ Slab Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုငွေ ငွေကျပ် ၁၄၆ ဒသမ ၆၁ သန်းဖြင့် လင်းယုန်အားမာန်ကုမ္ပဏီက ဇွန်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၂၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ချစ်ဦးကို**

ရန်ကုန်၊ သယ်ယူပို့ဆောင်ရေး

# ရန်ကုန်မြို့၌ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများအတွက် YBS မော်တော်ယာဉ်ကြီးမောင်းသင်တန်း ဖွင့်လှစ်မည်

ရန်ကုန်မြို့၌ပြေးဆွဲလျက်ရှိသော YBS ယာဉ်လိုင်းများတွင် YBS ယာဉ်ကြီးများမောင်းနှင်ရန် ကျွမ်းကျင်ယာဉ်မောင်းလိုအပ်သည့်အတွက် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC) ၏ ကြီးကြပ်မှုဖြင့် ရန်ကုန်ဘတ်စကား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ မော်တော်ယာဉ်ကြီးမောင်း သင်တန်း အမှတ်စဉ် (၆/၂၀၂၄) ကို ဩဂုတ်လတွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

"ခ"လိုင်စင် အနည်းဆုံး ငါးနှစ်သက်တမ်းပြည့်ပြီး အသက် ၂၃ နှစ်မှ ၅၅ နှစ်အတွင်းရှိသူ ဖြစ်ရမည်ဖြစ်ပြီး အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်သူများ လျှောက်ထားနိုင်ကြောင်း၊ သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်းနှင့် သင်တန်းအတွက် အခြေခံယာဉ်မောင်းနှင်နိုင်မှုကို သင်တန်းမှစစ်ဆေးရွေးချယ်မည်ဖြစ်ကြောင်း သိရသည်။

သင်တန်းတက်ရောက်လိုသူများအနေဖြင့် ရန်ကုန်ဘတ်စကားအများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် အမှတ် (၇) ထောက်ကြန့်မြို့ရှောင်လမ်း ဘွက်ကြီးကျေးရွာအုပ်စု မှော်ဘီမြို့နယ် ရန်ကုန်တိုင်းဒေသကြီးတွင် လျှောက်လွှာများရယူလျှောက်ထားနိုင်ပြီဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၇၆၆၀၂၉၂၈၀၊ ၀၉-၄၂၀၇၃၂၅၀၈ နှင့် ၀၉-၇၇၉၅၅၈၅၅၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**ဝန်းရံခ**

⏭ ကျောဖုံးမှအဆက်

ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မင်းဘူးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၅၅ ဒသမ ၇၇ ပေ (၁၇၀၀ စင်တီမီတာ) အထက်သို့ ၁ ပေခန့် (၂၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် မကွေးမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၅၅ ဒသမ ၇၇ ပေ (၁၇၀၀ စင်တီမီတာ) အထက်သို့ ၁ လက်မခန့် (၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် အောင်လံမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၈၃ ဒသမ ၆၆ ပေ (၂၅၅၀ စင်တီမီတာ) အထက်သို့ ၂ လက်မခန့် (၅ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက် ၁၂ နာရီအတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပြည်မြို့တွင် ၉၅ ဒသမ ၀၅ ပေ (၂၈၉၇ စင်တီမီတာ)သို့ ရောက်ရှိနေပြီး ယင်းမြို့၏စိုးရိမ်ရေမှတ် ၉၅ ဒသမ ၁၄ ပေ (၂၉၀၀ စင်တီမီတာ) အောက်သို့ ၁ လက်မခန့် (၃ စင်တီမီတာ) ပြန်လည်ကျဆင်းပြီးဖြစ်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၉ ဒသမ ၃၇ ပေ (၁၂၀၀ စင်တီမီတာ) အထက်သို့ ၃ ပေခန့် (၉၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဟင်္သာတမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၄၄ ဒသမ ၀၃ ပေ (၁၃၄၂ စင်တီမီတာ)အထက်သို့ ၃ ပေခန့် (၈၈ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၄ လက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ဇလွန်မြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ ၃ ပေခန့် (၉၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့် ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ချင်းတွင်းမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ ချင်းတွင်းမြစ်ရေသည် ဖောင်းပြင်မြို့တွင် ၄၃ ဒသမ ၃၁ ပေ (၁၃၂၀ စင်တီမီတာ)သို့ ရောက်ရှိနေပြီး ယင်းမြို့၏စိုးရိမ်ရေမှတ် ၄၃ ဒသမ ၄၇ ပေ (၁၃၂၅ စင်တီမီတာ) အောက်သို့ ၂ လက်မခန့် (၅ စင်တီမီတာ) ပြန်လည်ကျဆင်းပြီးဖြစ်သည်။

**ငဝန်မြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၃၈ ဒသမ ၀၆ ပေ (၁၁၆၀ စင်တီမီတာ) အထက်သို့ ၂ ပေခန့် (၅၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၂၀ ဒသမ ၃၄ ပေ (၆၂၀ စင်တီမီတာ)အထက်သို့ ၁ ပေခန့် (၃၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**တိုးမြစ်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၃ ဒသမ ၆၂ ပေ (၇၂၀ စင်တီမီတာ)အထက်သို့ ၁ ပေကျော်ခန့် (၃၅ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၃ လက်မခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ပခုက္ကူမြို့နယ်၊ ညောင်ဦးမြို့နယ်၊ မင်းဘူးမြို့နယ်၊ မကွေးမြို့နယ်၊ အောင်လံမြို့နယ်၊ ဟင်္သာတမြို့နယ်၊ ဇလွန်မြို့နယ်၊ သာပေါင်းမြို့နယ်၊ မအူပင်မြို့နယ်၊ ဆိပ်သာမြို့နှင့် ငါးသိုင်းချောင်းမြို့တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။ **(မိုး/ဇလ)**

---

**ဖခင်အမည်မှန်**

ပျော်ဘွယ်မြို့၊ အထက(လျှော်ဖြူကုန်း-န)၊ G-6 မှ မယွန်းနဒီမောင်၏ဖခင်အမည်မှန်မှာ ဦးမောင် ၉/ပဘန(နိုင်)၁၆၁၁၆၄ ဖြစ်ပါကြောင်း။

**ဦးမောင်**

**ပျောက်ဆုံးကြောင်း**

နန်းအိခိုင်(ဘ)ဦးစိုးသန်း ၈/အလန(နိုင်)၂၃၅၂၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၅၁၀၇၇၇**

**အမည်ပြောင်း**

ပဲခူးမြို့၊ အ. ထ. က(၁)ကျောင်း၊ Grade -8 (A)မှ ဦးသန်းငွေ၏သား မောင်သန်းထိုက်ဇော်အား မောင်ဟိန်းမင်းစံဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟိန်းမင်းစံ**

**ဖခင်အမည်မှန်**

ပဲခူးမြို့၊ အ. ထ. က(၁)ကျောင်း၊ Grade-12 မှ မယုနန္ဒာ၏ဖခင်အမည်မှန်မှာ ဦးလှတိုး ၇/အဖန(နိုင်)၀၆၆၈၅၇ ဖြစ်ပါကြောင်း။

**ဦးလှတိုး**

**အမည်မှန်**

အထက(၁၀)ပုသိမ်၊ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-10 မှ မောင်စွမ်းရည်ထက်၏ဖခင် ဦးမြတ်ကိုငြိမ်း၏အမည်မှန်မှာ ဦးမြတ်ကိုကိုငြိမ်း ၁၄/ပသန(နိုင်)၁၉၅၈၈၁ ဖြစ်ပါကြောင်း။

**ဦးမြတ်ကိုကိုငြိမ်း**

**အမည်ပြောင်း**

အလက၊ ရွာဟောင်းကြီး၊ ပုသိမ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-4 မှ ဦးကျော်သူအောင် ၁၄/ပသန(နိုင်)၂၃၇၁၉၀ ၏သား မောင်ဇွန်ရဲထွန်းအား မောင်စွမ်းပြည့်မောင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်စွမ်းပြည့်မောင်**

**ပျောက်ဆုံးကြောင်း**

ခင်စန်းသူ(ဘ)ဦးလှထွန်းဦး ၉/အမဇ(နိုင်)၀၈၅၂၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**

သက်လွင်ဦး(ဘ)ဦးအောင်မြင့်ငွေ ၈/မကန(နိုင်)၂၇၃၇၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**

နန်းမစန်း(ဘ)ဦးချွန် ၁၂/ကမရ(နိုင်)၀၆၁၄၁၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**

ကြူကြူခိုင်(ဘ)ဦးသိန်းနိုင် ၈/အလန(နိုင်)၁၇၃၇၂၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 963718)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**

နော်ဂျူးနာ(ဘ)ဦးမြသောင်း ၁၂/အစန(နိုင်)၀၁၆၇၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**

အိငုံဖူး(ဘ)ဦးကျော်လင်း ၁၂/ရပသ(နိုင်)၀၇၅၆၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 302851)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

ဇင်မာစိုး(ဘ)ဦးအောင်မြတ် ၇/ဒဥန(နိုင်)၁၇၀၃၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 535464)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

နမ့်စန်းဝင်း(ဘ)စအောင်မျိုးဝင်း ၁၄/အမန(နိုင်)၁၃၄၂၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၅၀၂၇၇၃၅**

**ပျောက်ဆုံးကြောင်း**

ပိုင်စိုးဝင်း(ဘ)ဦးလှမောင် ၅/ကလထ(နိုင်)၂၃၃၅၁၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

ဦးရောထွန်း(ဘ)ဦးမြင့်ထွန်း ၁၄/ကကန(နိုင်)၀၀၀၆၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၁၄၇၈၅၈၀**

**ပျောက်ဆုံးကြောင်း**

ဒေါ်စန်းစန်းခိုင်(ဘ)ဦးဆွန်ကြည် ၁၀/မလမ(နိုင်)၁၄၃၇၂၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၈၉၁၄၇၈၅၈၀**

**ပျောက်ဆုံးကြောင်း**

ဟန်နီအောင်(ဘ)ဦးဝဒမ်ယောဟန် ၅/မလန(နိုင်)၀၄၃၇၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 751376)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၄၈၄၉၄၃၀**

**ပျောက်ဆုံးကြောင်း**

တင်မေထွန်း(ဘ)ဦးတက်ထွန်း ၁၂/လမန(နိုင်)၁၂၅၀၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 185658)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၅၃၅၆၇၅၇**

**ပျောက်ဆုံးကြောင်း**

ရီရီမေ(ဘ)ဦးစစ်ဟုတ် ၁၂/လမန(နိုင်)၀၄၈၅၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 185829)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၅၃၅၆၇၅၇**

**ပျောက်ဆုံးကြောင်း**

အိအိသွယ်(ဘ)ဦးသိန်းမြင့် ၆/လလန(နိုင်)၀၇၅၇၉၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(741287)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၂၁၉၁၆၂၀**

**ပျောက်ဆုံးကြောင်း**

မအုန်းခင်(ဘ)ဦးမောင်စံမြ ၁၁/ပတန(နိုင်)၀၀၀၈၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 025321)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**

ဇင်မာသက်(ဘ)ဦးမျိုးထွန်း ၈/အလန(နိုင်)၂၁၃၆၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 652253)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၇၁၁၂၂၉၂**

**ပျောက်ဆုံးကြောင်း**

ကျော်နိုင်ဦး(ဘ)ဦးတင်ဦး(ခ)ဘရှီ ၁၂/ဒလန(နိုင်)၀၇၀၁၀၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 193673)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၇၀၉၀၇၈၈**

**ပျောက်ဆုံးကြောင်း**

ဒေါ်ယူချိမီး(ဘ)ဦးအဆာ ၉/မကန(နိုင်)၁၃၈၀၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(732308)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၇၀၉၀၇၈၈**

**ပျောက်ဆုံးကြောင်း**

ကျော်ထက်အောင်(ဘ)ဦးသန်းထွေး ၉/ကပတ(နိုင်)၃၀၈၀၅၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 497878)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၇၀၉၀၇၈၈**

**ပျောက်ဆုံးကြောင်း**

သန္တာမင်း(ဘ)ဦးအောင်မင်း(ခ)မင်းသိန်း ၇/ပခန(နိုင်)၂၀၆၂၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**

မေစုနိုင်(ဘ)ဦးကျော်ဆွေ ၉/တတဉ(နိုင်)၀၉၉၂၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 731606)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၇၀၉၀၇၈၈**

**ပျောက်ဆုံးကြောင်း**

ဒေါ်အေးယိန်း(ဘ)ဦးလောင်းဟော် ၁၃/လရန(နိုင်)၁၆၅၂၄၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 064043)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၇၀၉၀၇၈၈**

**ပျောက်ဆုံးကြောင်း**

ချစ်စုဝေ(ဘ)ဦးဝင်းမြင့်မောင် ၅/ကနန(နိုင်)၁၁၄၀၂၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 824624)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၇၀၉၀၇၈၈**

**ပျောက်ဆုံးကြောင်း**

နှင်းနွယ်စိုး(ဘ)ဦးမောင်မောင် ၇/ရတန(နိုင်)၁၀၈၇၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၄၂၈၆၄၆၄**

**ပျောက်ဆုံးကြောင်း**

အောင်လွင်(ဘ)ဦးလှထွန်း ၁၁/ကတန(နိုင်)၀၅၉၆၄၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၄၂၈၆၄၆၄**

**ပျောက်ဆုံးကြောင်း**

နွေးမူဝင်း(ဘ)ဦးညဏ်ထွန်းဦး ၁၁/တကန(နိုင်)၀၈၀၆၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၄၂၈၆၄၆၄**

**ပျောက်ဆုံးကြောင်း**

မင်းသန်းထိုက်(ဘ)ဦးကျော်လှရွှေ ၁၁/ကပန(နိုင်)၁၆၇၁၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 950812)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၄၂၈၆၄၆၄**

**ပျောက်ဆုံးကြောင်း**

စုမြတ်စံ(ဘ)ဦးအောင်ဇော်ဝင်း ၁၄/ကပန(နိုင်)၂၆၂၅၆၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 276816)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၄၂၈၆၄၆၄**

**ပျောက်ဆုံးကြောင်း**

ခင်မာကြူ(ဘ)ဦးငွေအောင် ၈/မကန(နိုင်)၂၇၃၇၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**အမည်မှန်**

အထက၊ မြင်းကကွင်း၊ ပုသိမ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-11 မှ မောင်ဝေမျိုးလင်းနှင့် Grade-10 မှ မဆောင်းနှင်းကို၏ဖခင် ဦးကိုမျိုး၏ အမည်မှန်မှာ ဦးမျိုးဝင်း ၁၄/ပသန(နိုင်)၁၇၇၉၃၈ ဖြစ်ပါကြောင်း။

**ဦးမျိုးဝင်း**

**တစ်ဦးတည်းဖြစ်ကြောင်း**

လှိုင်းဘွဲ့မြို့နယ်၊ အ. ထ. က(ဥဒေါင်း)၊ Grade-6 မှ နန်းရွှေစင်ခိုင်နှင့် ဘားအံမြို့၊ အ. မ. က(သိုက်တော) Grade-3 မှ စောမင်းသစ္စာကျော်တို့၏ဖခင် ဦးမောင်ကျော်လွင်(ခ)ဦးကျော်လွင်ဦး ၃/ဘအန(နိုင်) ၃၈၂၆၃၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ကျော်လွင်(ခ)ဦးကျော်လွင်ဦး**

**ပျောက်ဆုံးကြောင်း**

မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့၊ အိုးပေါက်အုပ်စု၊ ဆင်ချီတိုင်ကျေးရွာနေ ဆန်နီထွန်းအေး(ဘ)ဦးထွန်းအေး ၈/တတက(နိုင်)၂၀၇၆၉၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၆၇၅၂၃၀၈၁**

**ပျောက်ဆုံးကြောင်း**

ထန်းတပင်မြို့နယ်၊ မရွှေဥကျေးရွာအုပ်စု၊ မငေးစုကျေးရွာ၊ ရွာလမ်းမကြီးနေ လပြည့်ဝန်း(ဘ)ဦးမြင့်စိုး ၁၂/ထတပ(နိုင်)၁၄၁၅၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (MH 357175)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၉၃၄၆၀၅၂**

**ပျောက်ဆုံးကြောင်း**

မန္တလေးတိုင်း၊ မိုးကုတ်မြို့နယ်၊ အောင်သိဒ္ဓိရပ်ကွက်နေ မအိပြည့်ဖြိုးအောင်(ဘ) ဦးမြအောင် ၉/မကန(နိုင်)၁၆၀၅၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၄၂၅၂၇၅**

**သစ်တောထိန်းသိမ်း တောတွေစိမ်းမှ ငြိမ်းချမ်းပြည်ရွာ နိုင်ငံသာ၏**


ငွေပင်လယ်မွေးမြူရေးနှင့်ရေလုပ်ငန်းကုမ္ပဏီလီမိတက် Ngwepinlae Livestock Breedings & Fisheries Co., Ltd
ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်း (အအေးခန်းစက်ရုံ)
အဆင့်မြင့်ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုမ္ပဏီ
လိုင်းတွန့်စက္ကူဘူးထုတ်လုပ်ရေးစက်ရုံ
ADDRESS : NO. 55/61, STRAND ROAD,BOTAHTAUNG TOWNSHIP, YANGON, MYANMAR
FAX : 951-397480, 397481 E-MAIL : ngwepinlae.headoffice@gmail.com WEBSITE : ngwepinlae.com


OKKAN SUGAR MILL
ဥက္ကံ သကြားစက်၊ ရန်ကုန်တိုင်းဒေသကြီး
FDA ထောက်ခံချက်အမှတ်-စ၅/၂၁၃၄၆/ထလ
FDA Approved No. Sa 5/21346/Hta la
Phone,09 798157939(Office),09 773646431(Mill)
မြန်မာပြည်တွင်ထုတ်လုပ်သည်
သကြားဖြူ White Sugar


ဘေးကင်းစိတ်ချ လုံခြုံမှုရစေတာ
COPPER-99.99%
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၄၄၃၃၆၃၃၉၉၊ ၀၉ ၄၅၀၀၁၈၉၆၂
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀


ထာဝရလှပသော အပြုံးအတွက်
DENTOMEC
Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။
DENTIST RECOMMENDED
FDA အမှတ်-2212 PCE 0013
ပင်ရင်းအရောင်းဌာန - ဖုန်း- ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန်-မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

❖ MSME ကုန်ထုတ်လုပ်ငန်းများဆောင်ရွက်ရာတွင် ပညာရည်မြင့်မားသူများဖြင့်ဆောင်ရွက်မည်ဆိုပါက ပိုမိုအောင်မြင်နိုင်မည်ဖြစ်သကဲ့သို့ ခေတ်စနစ်နှင့်လျော်ညီသည့် နည်းပညာများကို အကျိုးရှိရှိအသုံးပြုနိုင်ရေး ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်...

❖ အတတ်ပညာ၊ အသိပညာပြည့်စုံသည့် လူသားအရင်းအမြစ်များ၊ ခေတ်မီနည်းပညာများ စသည့်နယ်ပယ်တို့ကို ပေါင်းစပ်၍ ကုန်ထုတ်လုပ်မှုလုပ်ငန်းများအောင်မြင်အောင် ဆောင်ရွက်နိုင်မည့်နည်းလမ်းကို ရှာကြံဆောင်ရွက်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး (၂/၂၀၂၄) တွင် အမှာစကားပြောကြားမှုမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့ မကျီးစုတာမိုင် ၆/၃ နှင့် ၆/၄ အကြား ကမ်းပြိုမှုကာကွယ်ရေးဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၂၂**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့၌ ဧရာဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေတိုက်စားကမ်းပြိုမှုဖြစ်ပေါ်ခဲ့သည့်နေရာနှစ်နေရာကို ရေအရင်းအမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အရေးပေါ်ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

ဧရာဝတီမြစ်ရေတိုးလာပြီး ဝဲလှည့်မှုနှင့် ရေစီးအားပွတ်တိုက်မှုကြောင့် မြန်အောင်မြို့ စာမျက်နှာ ၂၄ ကော်လံ ၄

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉)တွင် ရန်ကုန်ယူနိုက်တက်အသင်းနိုင်ပွဲရရှိခဲ့ပြီး YREO အသင်းနှင့် သစ္စာအားမာန်အသင်းတို့ သရေရလဒ်ထွက်ပေါ်

**ရန်ကုန် ဇူလိုင် ၂၂**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၉) ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ကျင်းပခဲ့ရာ စာမျက်နှာ ၂၆ ကော်လံ ၃



**ဆောင်းပါး**

## ရင်မှာလန်းဆန်းအပြုံးပန်းတို့နဲ့အတူ အောင်ပန်းကိုပြု အောင်ဆုယူကြပြီ

စာ - ၂၂ သို့

## ရေကြီးမှု အခြေအနေ

**နေပြည်တော် ဇူလိုင် ၂၂**

**ဧရာဝတီမြစ် စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ**

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ပခုက္ကူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၇၀ ဒသမ ၅၄ ပေ (၂၁၅၀ စင်တီမီတာ) အထက်သို့ ၁ ပေခွဲခန့် (၃၉ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

ယနေ့နံနက် ၈ နာရီခွဲအချိန် တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၆၉ ဒသမ ၅၅ ပေ (၂၁၂၀ စင်တီမီတာ) အထက်သို့ ၂ ပေခွဲခန့် (၇၆ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၁ ပေခန့် ကျဆင်းလာနိုင်ပြီး စာမျက်နှာ ၃၀ ကော်လံ ၁

